ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့၊ (5-6-2011) (၆၇၈၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှု နိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအောင်မင်းနှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်တို့ ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ယခင် ရထားလမ်းမပေါက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့ ရထားလမ်းများဖောက်လုပ်ပေးလျက်ရှိ ယင်းရထားလမ်းများအားလုံးပြီးစီးသွားပါက အမျိုးသားမီးရထားကွန်ရက်ကြီးဖြစ်လာတော့မည်

ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဖောက်လုပ်လျက်ရှိသည့် ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၏ ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်ဘူတာ၌ ကျင်းပသည်။

အဆိုပါ ရထားလမ်းပိုင်းသည် ရထားလမ်းအရှည် ၁၃၂ ဒသမ ၅ မိုင် ရှိသည့် ထားဝယ်- မြိတ် ရထားလမ်းသစ် ဖောက်လုပ်ရေး စီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး လမ်းပိုင်းအရှည် ၁၉ ဒသမ ၃၁ မိုင်ရှိသည်။ အဆိုပါ ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းတွင် ပေ ၁၈၀ အထက် တံတားနှစ်စင်းနှင့် ပေ ၁၈၀ အောက် တံတား ၆၃ စင်း ပါရှိပြီး ဘလောက်ဘူတာများအဖြစ် ဆိပ်ကမ်းဘူတာ၊ ညောင်ဇင်ဘူတာနှင့် သရက်ချောင်းဘူတာတို့ဖြစ်ကာ ရပ်စခန်းဘူတာများဖြစ်သည့် ရှင်မုတ္ထီးဘူတာနှင့် သရက်နှစ်ခွ ဘူတာတို့ပါရှိပြီး ထားဝယ်-မြိတ် ရထားလမ်းပိုင်းတွင် ပထမဦးဆုံး ဖောက်လုပ်ဖွင့်လှစ်ပေးသည့် လမ်းပိုင်းဖြစ်သည်။

နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တနင်္သာရီတိုင်းဒေသကြီး အနေဖြင့် ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ် ကားလမ်းမကြီးကို အထင်ကရ

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းတွင် ရထားစတင် ပြေးဆွဲစဉ်။

(သတင်းစဉ်)

The Mirror

၅ - ၆ - ၂၀၁၁
(တနင်္ဂနွေနေ့)

သစ်တော သစ်ပင် သဘာဝပတ်ဝန်းကျင် တည်တံ့ကောင်းမွန်ရေး ထိန်းသိမ်းထာဝစဉ်

သစ်ပင်၊ သားငှက်တိရစ္ဆာန်မျိုးစုံ၊ အပူပိုင်းသစ်တော၊ အင်တိုင်းတော၊ ဒီရေတော စသည့်သဘာဝအနေအထားအမျိုးမျိုးတို့သည် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးတို့၏ ပတ်ဝန်းကျင်ဖြစ်သည်။ သက်ရှိအားလုံး ဆက်လက်ရှင်သန်နိုင်ရေး သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရန် လိုအပ်သည်။ သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းကြရပေမည်။

မျက်မှောက်ကာလတွင် ကမ္ဘာတစ်ဝန်း၌ ရာသီဥတုပြောင်းလဲလာလျက်ရှိသည်။ မုန်တိုင်းတိုက်ခတ်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ ရေခဲပြင်များ အရည်ပျော်ခြင်း၊ ရေကြီးရေလျှံမိုးခြင်း၊ မိုးခေါင်၍ သီးနှံများ ပျက်စီးခြင်း စသည်တို့သည် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းလာမှု၏ အကျိုးဆက်များဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားတွင် သစ်တောသစ်ပင်နှင့် သဘာဝတောရိုင်းတိရစ္ဆာန်များကို ကာကွယ်ထိန်းသိမ်းနေကြပေပြီ။

မတ်လ ၃၀ ရက်က ကျင်းပခဲ့သည့် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က မိန့်ခွန်းမြွက်ကြားရာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ **"သစ်တော၊ သစ်ပင်ထိန်းသိမ်းရေးကို အလေးထားမှာဖြစ်သလို လေထုညစ်ညမ်းမှုနှင့် ရေထုညစ်ညမ်းမှုများ လျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်ကို ဟန်ချက်ညီညီနဲ့ ထိန်းညှိဆောင်ရွက်ပေးမယ့် မူဝါဒတစ်ရပ်ကို ချမှတ်သွားမှာဖြစ်ပါတယ်"** ဟူ၍ ပြောကြားသည်။

ပညာရှင်များ၏ သုံးသပ်ချက်အရ ကမ္ဘာကြီးပူနွေးလာမှု၏ ၉၀ ရာခိုင်နှုန်းသည် လူသားတို့၏လုပ်ရပ်များပေါ်တွင် အခြေခံကြောင်း သိရသည်။ သဘာဝသယံဇာတများ မဆင်မခြင်ထုတ်ယူသုံးစွဲခြင်း၊ ကုန်ထုတ်လုပ်ငန်းများမှ အမှိုက်သရိုက်၊ အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းနှင့် စွန့်ပစ်ပစ္စည်းအမျိုးမျိုး စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကြောင့် မြေပြင်ညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှုတို့ ဖြစ်ပေါ်စေသည်။ အဆိုပါလုပ်ရပ်များ မပြုလုပ်စေရေး ကြပ်မတ်ကြရပေမည်။

သစ်တောသစ်ပင်များသည် ရာသီဥတုကို ညီညွတ်မျှတစေသည်။ သားငှက်တိရစ္ဆာန်များအတွက် အသိုက်အမြုံများကို ဖန်တီးပေးနေသည်။ သစ်တောမပြုန်းတီးရေး၊ ဂေဟစနစ်များတည်ငြိမ်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် တာဝန်ရှိသည်။ ယခုအခါ နိုင်ငံတော်အစိုးရနှင့်အတူ ဒေသခံပြည်သူများအားလုံးက ကျွန်းနှင့်သစ်မာများအပါအဝင် သစ်တောသစ်ပင်များ တိုးချဲ့ထူထောင် စိုက်ပျိုးနေကြပြီ။ ယခုနှစ် မိုးရာသီတွင် နိုင်ငံတစ်ဝန်း၌ သစ်ပင်သန်းပေါင်း ၃၀ စိုက်ပျိုးသွားမည်ဖြစ်သည်။

"သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေထိန်းသိမ်းစို့"၊ "ဥတုရာသီ တောကိုမှီ၏"၊ "တောတောင်စိမ်းမှ စမ်းရေရ၏"၊ "သစ်ပင်စိုက်ပါဒို့ကမ္ဘာ သာယာလှပစိမ်းမြမြ"၊ "သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး" ဟူသည့် သစ်တောရေးရာ ဆောင်ပုဒ်များသည် ရာသီဥတုကို ပြုပြင်ရာတွင် သစ်ပင်သစ်တောများ၏ အကျိုးသက်ရောက်မှုကို ဖော်ညွှန်းနေသည်။ ပြည်သူများအားလုံးက နိုင်ငံတစ်ဝန်း သစ်ပင်သစ်တောများ နှစ်စဉ်တိုးချဲ့စိုက်ပျိုးကြခြင်းဖြင့် သဘာဝပတ်ဝန်းကျင် ထာဝစဉ်တည်တံ့ကောင်းမွန်ရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရမည် ဖြစ်ပါသည်။ ။

သက်ငယ်တန်း မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသည် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သက်ငယ်တန်း အသက် (၉) နှစ်မှ (၁၃)နှစ် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကဗျာရွတ်ဆို အကြိုပြိုင်ပွဲကို ဇွန် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် လည်းကောင်း၊ နောက်ဆုံးအဆင့်ပြိုင်ပွဲ၊ ဆုပေးပွဲနှင့်ဟောပြောပွဲကို ဇွန် ၂၄ ရက်တွင် လည်းကောင်း ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ရုံးချုပ်)၌ ကျင်းပမည်ဖြစ်သည်။

အကြိုပြိုင်ပွဲများကို နံနက်ပိုင်း ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် မွန်းလွဲပိုင်း မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ နှစ်ချိန်ခွဲခြားကျင်းပမည်ဖြစ်ပြီး ဇွန် ၂၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မွန်းလွဲပိုင်းတွင် ရန်ကုန် တောင်ပိုင်းခရိုင်၊ ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင်နှင့် မွန်းလွဲပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တို့မှ ပြိုင်ပွဲဝင်ကလေးငယ်များ ပြိုင်ပွဲဝင်ကြရန် ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများ ခရိုင်အုပ်ချုပ်ရေးမှူးရုံးများ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရုံးချုပ်)နှင့် ရန်ကုန်တိုင်း MANA ရုံးတို့၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းတာဝန်ပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၄

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်က ဇွန် ၂ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီးသည် နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်နှင့်အညီ တိုင်းဒေသကြီးအတွင်း ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဆီအုန်းစိုက်ဧက ၃၃၁၈၂၅ ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် စီမံကိန်း ရည်မှန်းချက်ထက် ပိုမိုအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အလားတူ စက်မှုကုန်ကြမ်းရော်ဘာ တိုးချဲ့စိုက်ပျိုးရေး၊ အခြားဆီထွက်သီးနှံများ၊ ပဲမျိုးစုံ၊ မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်နှင့် စားပင်မျိုးစုံတို့ကိုလည်း စီမံကိန်းရည်မှန်းချက်များအတိုင်း အပြည့်အဝ စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း။

သားငါးကဏ္ဍသည် တိုင်းဒေသကြီး၏ ဂျီဒီပီတစ်ခုလုံးတွင် ၃၉ ဒသမ ၁ ရာခိုင်နှုန်းပါဝင်ပြီး တိုင်းဒေသကြီး စီးပွားရေးတိုးတက်မှုများ ဖော်ဆောင်ရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ကမ်းနီးကမ်းဝေး၊ ရေလုပ်ငန်း၊ ပုစွန်ဖမ်းခြင်းလုပ်ငန်း၊ ငါးမွေးကန်များ၊ ပုစွန်ကန်များဖြင့် တိုးချဲ့မွေးမြူခြင်းလုပ်ငန်း၊ ပုလဲထုတ်လုပ်မှုတို့တွင် နှစ်စဉ် မိုမိုနှစ်သိန်းကျော်ရရှိအောင် ထုတ်လုပ်သွားရန် အစီအမံများ ချမှတ်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်တောကဏ္ဍ ရည်မှန်းချက်ကို အပြည့်အဝထုတ်လုပ်နိုင်ရေး၊ အစားထိုး စိုက်ပျိုးရေးများကို နိုင်ငံတော်အပိုင်း၊ သမဝါယမနှင့် ပုဂ္ဂလိကအပိုင်းများအား ပီပီပြင်ပြင် တာဝန်ခွဲဝေ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး တိုင်းဒေသကြီး တာဝန်ခံ ဦးတင်လှိုင်က ၂၀၁၁-၂၀၁၂ ခုနှစ် စီမံကိန်း ရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီး စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် တာဝန်ရှိသူတို့အား တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက် တာဝန်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၁)မှ ကျောင်းဆင်းအရာရှိများ၏ (၁၂)နှစ်မြောက် ကျောင်းဆင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ထာဝရငွေပဒေသာပင် အလှူငွေကျပ် သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံစဉ်။ (ဇီဝိတဒါနသံဃာ့ဆေးရုံ)

ဖားကန့်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြော

ဖားကန့် ဇွန် ၄

ကချင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်း(၃)သည် မေ ၂၆ ရက် နံနက် ၁၀ နာရီက ဖားကန့်မြို့ ဥရုရတနာခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်သည့် ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များအား တွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအကြောင်း အသိပညာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် ပြည်နယ်ညွှန်ကြားရေးမှူးသည် ဖားကန့်မြို့ သစ်တောပျိုးဥယျာဉ်၌ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များအား ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်စသည့် သစ်မာပျိုးပင်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

(၄၉၉)

အပျော်ဆုံးအချိန် ကျန်းမာရေးပညာပေးစာအုပ် ထွက်ရှိ

ရန်ကုန် ဇွန် ၄

ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် သားဖွားမီးယပ်ပညာဌာန၌ သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး တွဲဖက်ပါမောက္ခ ဒေါက်တာစိုးလွင်၏ ၁၄ အုပ်မြောက် လုံးချင်းစာအုပ်အဖြစ် အပျော်ဆုံးအချိန်နှင့် ဆေးလောကဇာတ်ခုံပေါ်က လူနာမျိုးစုံ ဇာတ်လမ်းအဖုံဖုံ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။**(အောက်ပုံ)** ထို စာအုပ်တွင် သားဖွားနှင့် မီးယပ်ဆိုင်ရာ

ကျန်းမာရေး ပညာပေးဆောင်းပါး ၂၇ ပုဒ် ပါဝင်သည်။

အသံလှိုင်းမို့ အန္တရာယ်မရှိ. . . ရဲရဲရိုက်ပါဘိ ဆောင်းပါးတွင် မသိနားမလည်သောအဖေမှ သမီး၏ဗိုက်ထဲမှ မြေးဦးကလေး အာထရာဆောင်းရိုက်ရာတွင် ဓာတ်ရောင်ခြည်သင့်ပြီး ဒုက္ခရောက်ကုန်မည်ဆိုကာ လွဲမှားသော စိုးရိမ်စိတ်နှင့် အာထရာဆောင်း၏ကောင်းကျိုးများနှင့် ပတ်သက်၍ ခြယ်မှုန်းရေးဖွဲ့ထားသည်။ မြန်မာပြည်တွင် အဖြစ်အများဆုံး ရိုးရိုးသာမန် သားအိမ်ထဲက အသားလုံး၊ သို့သော် မြင်တွေ့ဖို့လည်း ရှားပါးလှသည့် ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းလှသည့် Uterine Sarcoma အမည်ရသော သားအိမ်ကင်ဆာအကြောင်းကို အပျော်ဆုံးအချိန်ဆောင်းပါး၌ ထဲထဲဝင်ဝင် ရေးသားထားသည်။ အမျိုးသမီးတိုင်း၊ လူငယ်လူရွယ်တိုင်း သိထားသင့်သည့် ကျန်းမာရေးဗဟုသုတ ဖြစ်သည်။ ဤစာအုပ်သည် စိုးဇင်စာပေ၏ စတုတ္ထ ခြေလှမ်းအဖြစ် ထုတ်ဝေပြီး စိုးဇင်စာပေ ဖုန်း-၀၁-၂၂၈၂၉၇၊ ၀၉-၅၀ ၄၉၇၈၃ က တန်ဖိုး ငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိကြောင်း သိရသည်။

(ကြေးမုံ)

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)ရဲတပ်ဖွဲ့ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ပြည် ဇွန် ၄

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ပညာသင်စရိတ်နှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၈ ရက်က ပြည်မြို့ နဝင်းရဲရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ဆွေက ပညာသင်စရိတ် ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကျော်ဆွေ**(အောက်ပုံ)**၊ ဇနီး ဒေါ်ခင်ဆွေငြိမ်းနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ဇနီးတို့က တက္ကသိုလ်အဆင့်၊ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၀ အတွက် ပညာသင်ထောက်ပံ့ကြေးနှင့် ဗလာစာအုပ် တန်ဖိုး စုစုပေါင်း ငွေကျပ် ၂၉၆၀၀၀ ပေးအပ်ခဲ့ကြောင်း သိရသည်။ (၄၉၇)

အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇွန် ၄

အလုပ်သမားဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၂/၂၀၁၁) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန စုဝေးခန်းမကြီး၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက် အမှာစကားပြောကြားပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်၍ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းကို မေ ၉ ရက်မှ ဇွန် ၃ ရက်အထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြသည်။

အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းများ ကွန်ပျူတာ အသုံးပြုမှုကို ကျွမ်းကျင်စွာ ဆောင်ရွက်နိုင်စေရန်အတွက် ယခုနှစ်တွင် အခြေခံသင်တန်းနှစ်ကြိမ်နှင့် အရာထမ်းများအတွက် e-Government အသုံးချ ကွန်ပျူတာသင်တန်းတစ်ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းများ ဆက်လက်ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အလုပ်သမားဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၂/၂၀၁၁) သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၆-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၂၅ ၈။ တေးဂီတအစီအစဉ်
- ၈း၄၀ ၉။ International News
- ၈း၄၅ ၁၀။ "သဘာဝပတ်ဝန်းကျင်နှင့် ကြွပ်ကြွပ်အိတ်"
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၄၈)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် "ချစ်တဲ့ရက်ကိုကြိုနေမယ်" (ကျော်ဟိန်း၊ ကောလိပ်ဂျင် နေဝင်း၊ နွဲ့နွဲ့မူ၊ စံရှားတင်) (ဒါရိုက်တာ-ဦးတင်ယု)**
- ၂း၃၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂း၄၅ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၄၅ ၁။ Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရက္ခပူရယူနိုက်တက် F.C နှင့် ဥဿာယူနိုက်တက် F.C)
- ၅း၄၅ ၂။ တေးဂီတအစီအစဉ်
- ၆း၀၀ ၃။ ညနေခင်းသတင်း
- ၆း၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၅။ **ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း"(အပိုင်း-၂၁)**
- ၆း၄၀ ၆။ တစ်မျက်နှာ၊ တစ်ကွက်စာ "ချစ်-ချစ်-ချစ်လို့" (မိုးထက်ပိုင်၊ မိုးကောင်း၊ ခိုင်ပွင့်) [ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း"(အပိုင်း-၁၆)**
- ၈း၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ **ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၂၀)**
- ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်"(အပိုင်း-၁၂)**
- ၁၃။ အစီအစဉ်ပြီး၏။

မြန်မာ့ကျောက်မျက်ရတနာပြပွဲများ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့

ဇူလိုင်လတွင်ကျင်းပမည့် အထူးရောင်းချပွဲတွင်လည်း နိုင်ငံတကာမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ပိုမိုလာရောက်ကြမည်

နေပြည်တော် ဇွန် ၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို တစ်နှစ်လျှင် သုံးကြိမ် ပုံမှန်ကျင်းပလာခဲ့ရာ တစ်ကြိမ်ထက်တစ်ကြိမ် ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုဇူလိုင်လတွင် ကျင်းပမည့် အထူးရောင်းချပွဲတွင်လည်း ယခင်ပြပွဲများထက် နိုင်ငံတကာမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ ပိုမိုလာရောက်ကြမည်ဖြစ်၍ ဆပ်ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် လိုအပ်သည်များကို ဆွေးနွေးတင်ပြကြစေလိုကြောင်းဖြင့် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပသည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ပြောကြားသည်။

ထို့အပြင် ကျောက်မျက်ရတနာပြပွဲ လုံခြုံရေး၊ မိုးဦးရာသီတွင် ရာသီအလိုက်ဖြစ်ပွားတတ်သည့် ကူးစက်ရောဂါများ ဖြစ်ပွားမှုမရှိစေရေး၊ ရတနာကုန်သည်များ တည်းခိုနေထိုင်ကြမည့် နေရာများ၊ စားသောက်ဆိုင်များကို စနစ်တကျစစ်ဆေးပြီး ကြိုတင်ကာကွယ်မှုများပြုလုပ်ရေး၊ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲများသာမက တန်ဖိုးမြင့်လက်ဝတ်ရတနာများ တိုးချဲ့ရောင်းချနိုင်အောင် စီမံဆောင်ရွက်ရေးတို့ကို စီမံဆောင်ရွက်သွားကြရန် ထပ်လောင်းပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဆက်လက်၍ ရတနာပြပွဲဆိုင်ရာ ဆောင်ရွက်ပြီးစီးမှုများကို ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး၊ ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြပွဲဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် ဒုတိယဝန်ကြီး ဦးဌေးအောင်တို့က သုံးသပ်ဆွေးနွေးပြောကြားကြပြီး ပြပွဲဗဟိုကော်မတီ နာယက ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြား၍ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ၂၀၁၁ ခုနှစ် ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ပြပွဲဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



လှူဒါန်း

ပုဇွန်တောင်မြို့နယ် ရေကျော် မဥ္ဇူလမ်းနေ ဒေါ်အေးအေးမြင့် (နန်းထိုက်ဦးကုမ္ပဏီလီမိတက်) ၏ (၄၀) နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူးဦးပြုံး လက်ခံစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၄-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၂၇၀၀	၀. ၀၃၃၀၄
တရုတ် (ယွမ်)	၆. ၄၇၉၅၀	၀. ၁၅၄၃၃
အိန္ဒိယ (ရူပီး)	၄၄. ၈၂၀၀	၀. ၀၂၂၃၁
မလေးရှား (ရင်းဂစ်)	၃. ၀၀၈၀၀	၀. ၃၃၂၄၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၉၅၀	၀. ၈၁၃၃၄
ဂျပန် (ယန်း)	၈၀. ၂၀၀၀	၀. ၀၁၂၄၇
တောင်ကိုရီးယား(ဝမ်)	၁၀၇၇. ၀၉	၀. ၀၀၀၉၃
ယူရို	၀. ၆၈၃၃၄	၁. ၄၆၃၄၀
ဗြိတိသျှ (ပေါင်)	၀. ၆၀၈၇၄	၁. ၆၄၂၇၅

အင်တာနက်။

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်) ဓမ္မာရုံဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၄

တောင်တွင်းကြီးမြို့နယ် အသင်း (ရန်ကုန်)က ဓမ္မာရုံရေစက်ချ ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိဇ္ဇာစရဏသမ္ပန္နော ဓမ္မာရုံ၌ ဇူလိုင် ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ၊ အသင်းဝင်များနှင့် အသင်းမဝင်ရသေးသူများအားလုံး ယင်းနေ့ နံနက် ၈ နာရီခွဲအရောက် ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။

လှူဒါန်းလိုသူများသည် ဖုန်း-၀၁-၉၆၉၉၆၀၂၊ ၀၁-၅၃၉၇၃၈၊ ၀၁-၆၄၇၁၆၃၊ ၀၉-၇၃၁၄၀၉၅၉၊ ၀၉-၅၁၅၅၉၀၇၊ ၀၉-၅၁၅၀၅၆၉ နှင့် အမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အိန္ဒိယကာကွယ်ရေးသုတေသနအဖွဲ့ တိုက်ချင်းပစ်ဒုံးကျည်သစ် စမ်းသပ်မည်

အိန္ဒိယနိုင်ငံက တီထွင်ထုတ်လုပ်ထားသော အဂ္ဂနီ-၅ တိုက်ချင်းပစ် ဒုံးကျည်သစ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နယူးဒေလီ ဇွန် ၄

အိန္ဒိယနိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည်သစ်ကို ယခုနှစ်ကုန်ထက်နောက်မကျဘဲ စမ်းသပ်မည်ဖြစ်ကြောင်း အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အကြီးအကဲက ဇွန် ၄ ရက်တွင် ပြောကြားသည်။

အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့သည် ကီလိုမီတာ ၅၀၀၀ အကွာအဝေးအထိ ပစ်ခတ်နိုင်သော တိုက်ချင်းပစ်ဒုံးကျည်ကို တီထွင်ထုတ်လုပ်ထားပြီဖြစ်သည်။

အဂ္ဂနီ-၅

အဆိုပါ တိုက်ချင်းပစ်ဒုံးကျည်ကို အဂ္ဂနီ-၅ ဟု အမည်ပေးထားပြီး ယခုနှစ်ကုန်ထက်နောက်မကျဘဲ စမ်းသပ်မည်ဖြစ်သည်။

အိန္ဒိယကာကွယ်ရေးသုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့သည် ဒုံးချင်းပစ်ဒုံးကျည်ကာကွယ်ရေးစနစ်တစ်ရပ်ကိုလည်း တီထွင်ထုတ်လုပ်လျက်ရှိသည်။

ဒုံးခွင်းဒုံးကာကွယ်ရေးစနစ်ကို ဖြန့်ကြက်နိုင်သည့် ကမ္ဘာ့နိုင်ငံအနည်းစုတွင် အိန္ဒိယနိုင်ငံပါဝင်လာမည်ဖြစ်ကြောင်း ဗွီကေဆာရာစဝပ်က ပြောကြားသည်။

အိန္ဒိယနိုင်ငံသည် ဒုံးခွင်းဒုံးစနစ်တစ်ရပ်ကို ပြည်တွင်း၌ ထုတ်လုပ်နိုင်ရန် သုတေသနပြုလုပ်လျက်ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်အတွင်း ဒုံးခွင်းဒုံးစနစ်အတွက် ခြောက်ကြိမ်စမ်းသပ်ခဲ့ရာတွင် လေးကြိမ်အောင်မြင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အင်တာနက်။

မက္ကဆီကိုစီးတီးအနီးရှိ မီးတောင်မှပြာမှုန်များ မှုတ်ထုတ်

မက္ကဆီကိုစီးတီး ဇွန် ၄

မက္ကဆီကိုနိုင်ငံ မြို့တော်မက္ကဆီကိုစီးတီးအနီးရှိ ပိုပိုကာတီပယ် မီးတောင်သည် ဇွန် ၃ ရက်က ပြာမှုန်များကို စတင်မှုတ်ထုတ်လျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

ပိုပိုကာတီပယ်မီးတောင်သည် မက္ကဆီကိုစီးတီး၏ အရှေ့တောင်ဘက် ကီလိုမီတာ ၆၀ အကွာတွင်တည်ရှိသည်။ မီးတောင်စတင်ပေါက်ကွဲမှုကြောင့် မီတာ ၃၀၀၀ အမြင့်အထိ ပြာမှုန်များကို မှုတ်ထုတ်လျက်ရှိကြောင်း မြို့ပြကာကွယ်ရေးဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မီးတောင်မှမှုတ်ထုတ်သော ပြာမှုန်တိမ်တိုက်ကြီးသည် ဦးစွာအနောက်ဘက်သို့ မျောပါခဲ့ပြီး ယင်းနောက်တွင် အရှေ့ဘက်သို့ ပြန်လည်မျောပါလာကာ ပြူဘလာမြို့ဘက်ကို ဦးတည်ရွေ့လျားလာနေကြောင်း မက္ကဆီကို သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့က ပြောကြားသည်။

၁၇၈၈၆ ပေ (မီတာ ၅၄၅၀)အမြင့်ရှိ အဆိုပါ မီးတောင်သည် မီးတောင်ပြာမှုန်များကို မှုတ်ထုတ်ခြင်းမရှိပေ။ မိနစ်အတန်ကြာမျှ တုန်ခါနေခဲ့ကြောင်း၊ မီးတောင်ထိပ်ဝမှ ခုနစ်မိုင်(၁၂ ကီလိုမီတာ)အကွာထက်မနည်း အကွာအဝေးအတွင်း နေထိုင်ခြင်းမပြုရန် တိုက်တွန်းထားကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

အင်တာနက်။



ဂျပန်ဖူကူရှီးမားနျူကလီးယားစက်ရုံအတွက် ရေလှောင်စည်ကြီးများပေးပို့

တိုကျို ဇွန် ၄

ဓာတ်ရောင်ခြည်ဘေးအန္တရာယ်ဖြစ်ပေါ်နေသော ဂျပန်နျူကလီးယားဓာတ်အားပေးစက်ရုံ၌ ယိုစိမ့်နေသည့် ရေများကို သိုလှောင်နိုင်ရန် ရေလှောင်စည်ကြီးများကို ပေးပို့လိုက်ပြီဖြစ်ကြောင်း ယင်းစက်ရုံကို စီမံခန့်ခွဲနေသော တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီက ဇွန် ၄ ရက်တွင် ပြောကြားသည်။

ဖူကူရှီးမား နျူကလီးယားစက်ရုံ၌ အသုံးပြုမည့် ရေလှောင်စည်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတ် ၁၁ ရက်ကဖြစ်ပေါ်ခဲ့သော သဘာဝကပ်ဘေးဆိုက်ရောက်မှုကြောင့် ဖူကူရှီးမားဒိုင်အိချီစက်ရုံမှ ရေဒီယိုသတ္တိကြွရေများ စီးထွက်လာနေခဲ့ကြောင်း၊ ရေဒီယိုသတ္တိကြွမှုရှိသော ရေတန်ချိန် အများအပြားမှာ ပင်လယ်အတွင်းကို စီးဆင်းရောက်ရှိခဲ့ကြောင်း၊ စက်ရုံအနီးဝန်းကျင်၌လည်း ယင်းရေများ အိုင်ထွန်းလျက်ရှိကြောင်း ကုမ္ပဏီတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရေဒီယိုသတ္တိကြွမှုရှိသောရေများသည် ယာယီရေလှောင်ကန်မှ ဇွန် ၂၀ ရက်တွင် စတင်လျှံထွက်နိုင်မည်ဟု ခန့်မှန်းထားပြီး အကယ်၍ မိုးရွာသွန်းမှုရှိပါက ထို့ထက်ပင်စော၍ ရေလှောင်ကန်ရေလျှံမှုဖြစ်ပေါ်နိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရေဒီယိုသတ္တိကြွမှုရှိသောရေများကို သိုလှောင်နိုင်ရန် ရေလှောင်စည်ကြီးများကို တိုချီဂီပြည်နယ်၌ တည်ဆောက်ခဲ့ပြီး ဖူကူရှီးမားစက်ရုံသို့ ပို့ပေးလိုက်ပြီဖြစ်ရာ ဇွန် ၄ ရက်တွင် ရေလှောင်စည်ကြီးများရောက်ရှိလာမည်ဖြစ်သည်။

ရေလှောင်စည်ကြီးများကို ဩဂုတ်လအထိ ဆက်လက်ပေးပို့သွားမည်ဖြစ်သည်။ ရေဒီယိုသတ္တိကြွမှုရှိသော ရေတန်ချိန် ၄၀၀၀၀ အထိ သိုလှောင်သွားနိုင်ရန်စီစဉ်ထားသည်။

ဖူကူရှီးမားစက်ရုံရှိ ဓာတ်ပေါင်းဖိုသုံးလုံးအနက် တစ်လုံးမှာ မည်သို့မည်ပုံ ရေစိမ့်ထွက်နေသည်ကိုသိရှိနိုင်ရန် ကင်မရာများ တပ်ဆင်ထား၍လေ့လာလျက်ရှိသည်။ **အင်တာနက်။**

ရုရှားလက်နက်သိုလှောင်ရုံ မီးလောင်

မော်စကို ဇွန် ၄

ရုရှားနိုင်ငံတွင် လက်နက်သိုလှောင်ရုံတစ်ခုကို မီးလောင်ရာ တစ်ရက်ခွဲကျော်အကြာတွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း ရုရှားတာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

ဥုတ်မားရှားသမ္မတနိုင်ငံအတွင်း လက်နက်စက်ရုံအနီး၌ နေထိုင်သည့် သက်ကြီးပိုင်းလူနှစ်ဦးသည် နှလုံးရောဂါဖြင့် သေဆုံးကြောင်း၊ လက်နက်ခဲယမ်းများပေါက်ကွဲမှုကြောင့် သောကပွား၍ သေဆုံးရခြင်းဖြစ်ဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းဖြစ်စဉ်အတွင်း လူ ၈၅ဦးသည် ဆေးကုသမှုခံယူကြရကြောင်း၊ အချို့မှာ ခန္ဓာကိုယ်တွင် ဒဏ်ရာရရှိ၍ အချို့မှာ စိတ်ပိုင်းဆိုင်ရာဒဏ်ရာရရှိခြင်းဖြစ်ကြောင်း ပြည်နယ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

စနေနေ့ ညနေပိုင်းတွင် မီးငြိမ်းသွားပြီဖြစ်ကြောင်း အရေးပေါ်ဝန်ကြီးဌာနမှ တာဝန်ရှိသူ ဘာဂျီတီဆာရီချင်ကိုက ရုရှားသတင်းဌာနများသို့ သတင်းပို့ခဲ့သည်။

သိုလှောင်ရုံကို ကြာသပတေးနေ့ နှောင်းပိုင်းတွင် စတင်လောင်ခဲ့ခြင်းဖြစ်ပြီး အဘယ်ကြောင့် လောင်ရသည်ကို မသိရှိရသေးပေ။ **အေပီ။**

ရုရှားလက်နက်သိုလှောင်ရုံ မီးလောင်နေသည်ကို အဝေးမှ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန် မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည်ဖြင့် ပစ်ခတ်၍ တောင်ဝါဇီရစ္စတန်၌ လူခုနစ်ဦးသေဆုံး

အစ္စလာမ္မာဘတ် ဇွန် ၄ ။ ။ ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ လူမျိုးစုများနေထိုင်ရာ တောင်ဝါဇီရစ္စတန်ဒေသတွင် ဇွန် ၃ ရက် ညပိုင်းက အမေရိကန်မောင်းသူမဲ့လေယာဉ်တစ်စင်းမှ ဒုံးကျည်ဖြင့် ပတ်ခတ်မှုကြောင့် အနည်းဆုံး လူခုနစ်ဦးခန့် သေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ ရုပ်သံလွှင့်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

တောင်ဝါဇီရစ္စတန်ရှိ ဝါနာဒေသ၌ စစ်သွေးကြွများခိုအောင်းနေသည်ဟု သင်္ကာမကင်းဖွယ်ရာ နေရာတစ်ခုကို အမေရိကန်မောင်းသူမဲ့လေယာဉ်မှ ဒုံးကျည်သုံးစင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ယင်းဒေသသည် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် နှစ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် စစ်သွေးကြွများ အင်အားကောင်းရာ ဒေသတစ်ခုဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဇွန် ၃ ရက်ည တိုက်ခိုက်မှုသည် ၂၀၁၁ ခုနှစ်အတွင်း ပါကစ္စတန်ပိုက်နက်အတွင်းသို့ အမေရိကန်မောင်းသူမဲ့လေယာဉ်များ၏(၃၃)ကြိမ်မြောက် တိုက်ခိုက်မှုဖြစ်ပြီး ယင်းတိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရသူဦးရေမှာ ၂၄၁ ဦးရှိခဲ့ပြီဖြစ်ပြီး သေဆုံးသူအများစုမှာ စစ်သွေးကြွများဖြစ်သည်ဟု ယုံကြည်ရသည်ဟု ဆိုသည်။ **ဆင်ဟွာ။**

အမေရိကန်စစ်ဘက်မှ အကြမ်းဖက်မှုနှိမ်နင်းရေးတွင် အသုံးပြုနေသည့် မောင်းသူမဲ့လေယာဉ်အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မစ်ဆူရီမြစ်ရေကြီးနေ၊ ဒေသခံများကို ရွှေ့ပြောင်းပေးရ

အဘာဒင်း(တောင်ပိုင်းဒါကိုတာ) ဇွန် ၄

မြောက်အမေရိကအနောက်ပိုင်းရှိ ရော့ကီးတောင်တန်း၌ ထူးထူးကဲကဲ ဆီးနှင်းများကျဆင်းပြီး မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် မစ်ဆူရီမြစ်တွင် ရေကြီးလျက်ရှိရာ အမေရိကန်နိုင်ငံမြောက်ပိုင်း ဒါကိုတာပြည်နယ်နှင့် တောင်ပိုင်းဒါကိုတာပြည်နယ်တို့၌ ရေလွှမ်းမိုးမှုဖြစ်ပွားမည်ကို စိုးရိမ်ရကြောင်း တာဝန်ရှိသူများက ဇွန် ၄ ရက်တွင် ပြောကြားသည်။

မြောက်ပိုင်းဒါကိုတာပြည်နယ် မင်းနော့မြို့၌ ပြည်သူ ၁၂၀၀၀ ခန့်ကို ရေဘေးလွတ်ရာဒေသများသို့ ရွှေ့ပြောင်းပေးလိုက်ရကြောင်း၊ ပြည်နယ်မြို့တော် ဘစ်မတ်၌ နေထိုင်သူ လူပေါင်း ၁၀၀၀ ခန့်ကို ရေဘေးလွတ်ရာဒေသသို့ ရွှေ့ပြောင်းထွက်ခွာရန် တာဝန်ရှိသူများက ညွှန်ကြားထားကြောင်း သတင်းတွင်ဖော်ပြသည်။

အင်တာနက်။

နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

တူရကီနိုင်ငံ အစ်မီယာမြို့၌ ကျင်းပသော တူရကီလေတပ် တည်ထောင်မှု နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် လေကြောင်းစွမ်းရည်ပြပွဲသန်းပွဲတွင် အမေရိကန်လေတပ်မှ အက်ဖ်-၁၆ တိုက်လေယာဉ်နှစ်စင်း သရုပ်ပြပျံသန်းစဉ်။

တူရကီလေတပ် နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ လေယာဉ်များ စွမ်းရည်ပြပျံသန်း

အစ်မီယာ (တူရကီ) ဇွန် ၄

တူရကီနိုင်ငံ အေဂျင်ယန်ပင်လယ်ဆိပ်ကမ်းမြို့ အစ်မီယာတွင် ယနေ့မှစ၍ နှစ်ရက်ကြာကျင်းပသော လေယာဉ်စွမ်းရည်ပြပျံသန်းပွဲတစ်ရပ်၌ နိုင်ငံပေါင်း ၁၃ နိုင်ငံမှ လေယာဉ်စင်းရေ ၁၀၀ ကျော်တို့ ပါဝင်ဆင်နွှဲကြသည်။

တူရကီ လေတပ်မတော် တည်ထောင်သည့်နှစ် ၁၀၀ ပြည့် အခမ်းအနားကို ဂုဏ်ပြုလျက် ချီဂါလီလေတပ် အခြေစိုက်စခန်းမှ ဗြိတိန်လေတပ်မတော်၏ အနီရောင်ဟော့ခ်အမျိုးအစား ဂျက်လေယာဉ် ၁၀ စင်းတို့က ပွဲဦးထွက်အဖြစ် စတင်ပျံသန်းစွမ်းရည်ပြခဲ့ကြသည်။

အဆိုပါလေကြောင်းပျံသန်းမှု စွမ်းရည်ပြပွဲသို့ ဟော့ခ်၊ အက်ဖ်-၁၆၊ စီအန်-၂၃၅၊ တီ- ၃၄၊ ပီစီ-၉၊ အယ်လ်ဖာဂျက်၊ စီ-၂၇ ဂျေနှင့် အေ-၄၀၀ အမ်စသည့် လေယာဉ်အမျိုးအစားများ ပါဝင်ပျံသန်းခဲ့ကြသည်။

လေကြောင်းပျံသန်းမှု စွမ်းရည်ပြပွဲတွင် ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ဗြိတိန်၊ ခရိုအေးရှား၊ ပြင်သစ်၊ အီတလီ၊ ပိုလန်၊ စပိန်၊ ဟော်လန်၊ ပါကစ္စတန်နှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံများမှ လေယာဉ်များ ပါဝင်စွမ်းရည်ပြကြပြီး နိုင်ငံပေါင်း ၆၀ ကျော်မှ အဆင့်မြင့် လေတပ်အရာရှိကြီးများနှင့် ဒေသခံပရိသတ် ၁၀၀၀၀ ကျော်တို့ တက်ရောက်ခဲ့ကြသည်။အင်တာနက်။

အာဖဂန်စစ်မြေပြင်၌ စစ်ဆင်ရေးတာဝန် ထမ်းဆောင်နေသော ဩစတြေးလျ တပ်ဖွဲ့ဝင်များကို ဤသို့ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်ရှိ ဩစတြေးလျတပ်ဖွဲ့ဝင်များ နေရပ်သို့ပြန်ရန် ဩစတြေးလျပြည်သူအများစုလိုလားဟု စစ်တမ်းတစ်ရပ်၌ ဖော်ပြ

ကင်ဘာရာ ဇွန် ၄

အာဖဂန်နစ္စတန်စစ်ပွဲအတွင်း တာဝန်ထမ်းဆောင်နေရသော ဩစတြေးလျတပ်ဖွဲ့ဝင်များမှာ ပင်ပန်းနွမ်းနယ်နေပြီဖြစ်ကြောင်း စစ်တမ်းတစ်ခုက ယနေ့ထုတ်ဖော်ကြေညာလိုက်သည်။

ဩစတြေးလျနိုင်ငံရှိ ဆစ်ဒနီတက္ကသိုလ်မှ အမေရိကန်သင်ယူလေ့လာမှုဌာန၏ လေ့လာချက်တစ်ခုတွင် ဩစတြေးလျပြည်သူ ၆၃ ရာခိုင်နှုန်းက အကြမ်းဖက်မှု စစ်ပွဲများသည် မည်သည့်အခါမျှ ပြီးဆုံးလိမ့်မည်မဟုတ်ဟု ထင်နေကြပြီး ၂၀ ရာခိုင်နှုန်းသာလျှင် မဟာမိတ်တပ်များ၏ အကူအညီဖြင့် အနိုင်ယူနိုင်မည်ဟု ယုံကြည်နေကြသည်ဟု ဖော်ပြထားသည်။

အဆိုပါလေ့လာချက်မှာ ဩစတြေးလျပြည်သူ ၅၀၀ ထံမှ ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့တို့တွင် ကောက်ယူထားခြင်းဖြစ်သည်။ ယင်းသည် အာဖဂန်နစ္စတန်စစ်ပွဲအတွင်း တာဝန်ထမ်းဆောင်နေသော ဩစတြေးလျတပ်ဖွဲ့ဝင်များ ပင်ပန်းနွမ်းနယ်နေသည်ဆိုသည့်စစ်တမ်းကို ပို၍ခိုင်မာစေသည်။

အဆိုပါစစ်တမ်းက ဩစတြေးလျပြည်သူ ၆၂ ရာခိုင်နှုန်းသည် ဩစတြေးလျတပ်ဖွဲ့ဝင်များအား ခြောက်လအတွင်း နေရပ်သို့ ပြန်လာစေလိုသည်ဟု ဆိုသည်။ ၎င်းတို့ထဲတွင် ၁၉ ရာခိုင်နှုန်းမှာ ယခုချက်ချင်းပြန်လာစေလိုပြီး ၄၃ ရာခိုင်နှုန်းမှာ ခရစ္စမတ်ကာလ၌ ပြန်လာစေလိုသည်ဟု ဆိုသည်။

၂၀၀၁ ခုနှစ်ကတည်းက အာဖဂန်စစ်ပွဲအတွင်း သေဆုံးခဲ့သော ဩစတြေးလျတပ်ဖွဲ့ဝင် ၂၆ ဦးရှိပြီဖြစ်ကြောင်း၊ သို့သော် နိုင်ငံရေးအမြင်ရှိသူများအနေဖြင့် အာဖဂန်စစ်ပွဲတွင် ဩစတြေးလျစစ်တပ်၏ ပါဝင်ဆက်စပ်မှုမှာ ဆက်လက်ရှိ နေရဦးမည်ဟု ဆိုသည်။

သို့သော် ပြည်သူ ၃၅ ရာခိုင်နှုန်းသာလျှင် ဝန်ကြီးချုပ် ဂျူလီယာဂေးလာ့ဒ်နှင့် ၎င်း၏ အတိုက်အခံခေါင်းဆောင် တိုနီအတ်ဘော့တ်တို့၏ တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်၌ ဆက်လက်ရှိနေရန် လိုအပ်သည်ဟုဆိုသည့် အဆိုကို ထောက်ခံကြောင်း ယင်းစစ်တမ်းက ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ချင်းပြည်နယ်၌ ကျင်းပ

နေပြည်တော် ဇွန် ၄

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ယနေ့နံနက် ၈ နာရီတွင် ဟားခါးမြို့ ကျောဘုတ်ရပ်ကွက် ရေထိန်းဧရိယာ၌ ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးပြီး အရိပ်ရလေကာပင်များကို စိုက်ပျိုးပေးသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မှိုင်းဘောပင် ၂၃၀၀၊ ရေသင်းဝင်ပင် ၁၅၀၀၊ ချယ်ရီပင် ၁၃၀၀နှင့် မိုးမခ ၄၆၅ ပင်တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ မင်းတပ်ခရိုင်နှင့် ဖလမ်းခရိုင်/မြို့နယ်များတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပခဲ့ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်/ကျေးရွာပြည်သူများက အရိပ်ရပင်နှင့် လေကာပင်စုစုပေါင်း ၁၆၅၁၇ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်ထောင်စုတရားလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားသူကြီးချုပ်များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ မှာကြားချက်များကို ပြည်နယ်၊ ခရိုင်၊ မြို့နယ်တရားသူကြီးများ၊ ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားသို့ တက်ရောက်ဆွေးနွေး မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ကချင်ပြည်နယ် သစ်တောညွှန်မှူး ကာမိုင်းဘိနယ်အတွင်း ကွင်းဆင်းစစ်ဆေး

ကာမိုင်း ဇွန် ၄

ကချင်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးဝင်း(၃)သည် မိုးကောင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲလွင်လိုက်ပါလျက် မေ ၂၅ ရက်က ကာမိုင်းမြို့နယ် ကာမိုင်းဘိနယ်အတွင်းရှိ နန့်တိမ်းကြိုးပြင်ကာကွယ်တော သစ်တောပျိုးဥယျာဉ်နှင့် ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁ ခုနှစ်တို့အတွက် စီးပွားရေးကျွန်းစိုက်ခင်းဧက ၅၀ စီ တည်ထောင်စိုက်ပျိုး အောင်မြင်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ဘိနယ်တာဝန်ခံတောအုပ် ဦးသန်းမော်က လိုက်လံ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။**(အပေါ်ပုံ)**

(၄၉၉)

ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် သက္ကယ်ကုန်းကျေးရွာ၌ မေ ၂၁ ရက်က တစ်အိမ်ထောင် ကျွန်းသုံးပင်စိုက်ပျိုးရေး ပညာပေး ဆွေးနွေးပွဲနှင့် ပျိုးပင်များပေးအပ်ပွဲကို ကျင်းပရာ ခရမ်းမြို့နယ် နယ်မြေတာဝန်ခံက သက္ကယ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးထံ ကျွန်းပျိုးပင် ၅၀၀ ပေးအပ်စဉ်။ (မြို့နယ်ပြန်/ဆက်)

ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ဖလမ်း၌ ကျင်းပ

ဖလမ်း ဇွန် ၄

ဖလမ်းခရိုင် အုပ်ချုပ်ရေးမှူး ဦးဆောင်သော ဖလမ်းခရိုင်/ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဖါရ်ထောက်ရပ်ကွက်ပြည်သူ ၃၈၀ တို့သည် ယနေ့နံနက် ၇ နာရီခွဲတွင် ဖလမ်းမြို့ ဂေါက်ကွင်းတောင်ကုန်း၌ ပျိုးပင်ပေါင်း ၁၉၀၀ စိုက်ပျိုးကြကြောင်းနှင့် ယခင်နှစ်က ပထမအကြိမ်ပျိုးပင် ၁၀၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မြဝတီမြို့၌ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

မြဝတီ ဇွန် ၄

ကရင်ပြည်နယ် မြဝတီခရိုင် သစ်တောဦးစီးဌာန၏ ၂၀၁၁ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲတော်ကို မေ ၃၁ ရက်က မြဝတီမြို့ အောင်မြေရွှေဘုံမူလတန်းကျောင်း၌ ကျင်းပရာ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြဝတီခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်စိုးက ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပွဲတော် ကျင်းပရခြင်းအကြောင်း ရှင်းလင်းတင်ပြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံတို့က ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဆရာ၊ ဆရာမများအား ပျိုးပင်များပေးဝေကြသည်။

ထို့နောက် ကျောင်းရှေ့ဥပစာတွင် သစ်ပင်များစိုက်ပျိုးကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက ရတနာတန်းဝင်ကျွန်း၊ မဟော်ဂနီနှင့် ကံ့ကော်ပင်များကို စိုက်ပျိုးပေးပြီး တက်ရောက်လာသူ စုစုပေါင်း အင်အား ၄၀၀ ကျော်က ပျဉ်းကတိုး၊ မဟော်ဂနီ၊ ကုက္ကို၊ ဗာဒံ၊ ခရေ၊ မဲဇလီ စသည့် ပျိုးပင် ၂၄၀ အား ပျော်ရွှင်စွာ စိုက်ပျိုးကြကြောင်း သိရှိရသည်။ (၅၇၀)

ပြည်သူ့ထံမှ ပေးစာများ

သတ်မှတ်သည့်ဈေးတွင် ရောင်းချပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၄၀)ရပ်ကွက် ဈေးရှိသော်လည်း ရပ်ကွက် ၃၅၊ ၃၄၊ ၄၀၊ ၄၁ အဆုံ တပင်ရွှေထီးလမ်းမကြီးတစ်လျှောက် ဈေးသည်များစွာ ရောင်းချနေပါသဖြင့် လမ်းသွားလမ်းလာများနှင့် လိုင်းကားများ မကြာခဏ ယာဉ်တိုက်မှုများ ဖြစ်ပေါ်နေ၍ သတ်မှတ်ထားသည့်ဈေးတွင်သာ ရောင်းချပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

လောင်းကစားအငြင်းပွားဆူညံ

စာတည်းရှင့် -

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အထက်ပုဇွန်တောင်လမ်းမကြီးပေါ်ရှိ ၆/၈၊ မြေညီထပ်တိုက်ခန်းတွင် TV Game၊ လောင်းကစားမှုများပြုလုပ်လျက်ရှိရာ မကြာခဏ ဆူညံအငြင်းပွားခြင်းများ၊ လမ်းသွားလမ်းလာ မိန်းကလေးများအား နောက်ပြောင်ခြင်းများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ပုဇွန်တောင်သူ

အော်ဟစ်သီဆိုပြုမူမှုများ စိစစ်ပေးစေလို

စာတည်းရှင့် -

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင် ၉၄ လမ်း အမှတ်(၇၀) မြေညီထပ်တွင် ညဥ့်နက်သန်းခေါင်အထိ အော်ဟစ်သီဆိုနေခြင်း၊ မိန်းကလေးများ ကာယိန္ဒြေထိခိုက်စေသည့် ပြုမူပြောဆိုခြင်းများ ပြုလုပ်နေပါသဖြင့် ပတ်ဝန်းကျင်နေပြည်သူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသဖြင့် စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သူတစ်ဦး

ရေခြေရာ

အငြိမ်းစားပါမောက္ခချုပ်
ဦးဝင်းကြည်(သစ်တောတက္ကသိုလ်)

လူသားများသည် ရေကို သောက်သုံးရန်အတွက်လည်းကောင်း၊ အစားအသောက်များ ချက်ပြုတ်ရန်အတွက် လည်းကောင်း၊ ဆေးကြောသန့်စင်ရန်အတွက်လည်းကောင်း နေ့စဉ်နှင့်အမျှ သုံးစွဲနေကြရပါသည်။ ထို့မျှမက အစားအစာ၊ အဝတ်အထည်၊ စက္ကူ စသည်တို့ ထုတ်လုပ်ရာတွင်လည်း ရေကိုအမြောက်အမြား သုံးစွဲနေကြရပါသည်။

"ရေခြေရာ" (Water Footprint)ဆိုသည်မှာ သုံးစွဲသူများနှင့် ထုတ်လုပ်သူများက တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ဖြစ်စေ သုံးစွဲရာတွင် ကုန်ကျသည့် ရေပမာဏကို ခြေရာခံခြင်းဖြစ်ပါသည်။

ကမ္ဘာကြီးကို ပူနွေးစေသည့် မှန်လုံအိမ်ဓာတ်ငွေ့များတွင် အဓိကဓာတ်ငွေ့ဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်သည့် အရင်းအမြစ်များနှင့် ထုတ်လွှတ်သည့်ပမာဏတို့ကို ခြေရာခံသည့် လုပ်ငန်းစဉ်များကို "ကာဗွန်ခြေရာ"(Carbon Footprint)ဟု ခေါ်ဆိုသကဲ့သို့ပင် ဖြစ်ပါသည်။

ကမ္ဘာ့လူဦးရေ တိုးတက်များပြားလာခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်းတို့ကြောင့် ကောက်ပဲသီးနှံများနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ပိုမိုစိုက်ပျိုးထုတ်လုပ်ရသဖြင့် ရေသုံးစွဲမှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားလာခဲ့ပါသည်။ တစ်ဖက်တွင်လည်း ကမ္ဘာတစ်ဝန်းရှိ ရေချိုများ(Fresh Water)သည် လူများ၏ လုပ်ဆောင်ချက်များကြောင့် လည်းကောင်း၊ ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးဆက်ဖြစ်သော ရာသီဥတု ဖောက်ပြန်မှုများကြောင့်လည်းကောင်း၊ တစ်စထက်တစ်စ လျော့နည်းလာသည်ကို သိပ္ပံပညာရှင်များက လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကတည်းက သတိပြုမိခဲ့ကြပါသည်။ ပြီးခဲ့သော ရာစုနှစ်အတွင်းက ရေချိုဆုတ်ခွာလျော့နည်းမှုသည် ခုနစ်ဆခန့် များလာကြောင်း သိရှိရပါသည်။

ကမ္ဘာ့လူဦးရေသည် ၂၀၅၀ ပြည့်နှစ်တွင် ၉ ဒသမ ၂ ဘီလီယံခန့်ရှိနိုင်ကြောင်း ကမ္ဘာ့ကုလသမဂ္ဂကခန့်မှန်းထားရာ ထိုအချိန်တွင် လူသားများအတွက် လိုအပ်မည့်အစားအစာနှင့် အမျှင် (food and fibre)များ ထုတ်လုပ်ရန်အတွက် လိုအပ်မည့်ရေပမာဏကို ဖြည့်ဆည်းပေးရန် အချို့သောဒေသများတွင် အခက်အခဲကြုံတွေ့နိုင်ကြောင်း သိပ္ပံပညာရှင်များက လွန်ခဲ့သောဆယ်စုနှစ်များကပင် ကြိုတင်ခန့်မှန်းထားကြပါသည်။

ရေ (ရေချို) သုံးစွဲမှုကို ခြေရာခံရာတွင် ရေကိုသုံးမျိုးသုံးစားခွဲ၍ ခြေရာခံလေ့ရှိကြပါသည်။ ၎င်းတို့မှာ သန့်ရှင်းသောရေ (Green Water)၊ ရေပြာ (Blue Water)နှင့် မီးခိုးရောင်ရေ (GreyWater)တို့ဖြစ်ကြရာ သန့်ရှင်းသောရေဆိုသည်မှာ မိုးရေနှင့်မြေဆီလွှာတွင် သိုလှောင်ထားရှိသည့် မိုးရေဖြစ်ပြီး ရေပြာဆိုသည်မှာ မြေပေါ်နှင့် မြေအောက်တွင် ရှိသော ရေနှင့် မီးခိုးရောင်ရေဆိုသည်မှာ ညစ်ညမ်းသည့်ရေဖြစ်ပါသည်။ မီးခိုးရောင်ရေအမျိုးအစားတွင် ဓာတုမြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် စက်ရုံအလုပ်ရုံများမှ စွန့်ပစ်သောပစ္စည်းများကြောင့် ညစ်ညမ်းသွားသောရေများက အဓိကကျပါသည်။

ကောက်ပဲသီးနှံများစိုက်ပျိုးခြင်းမှ ရေခြေရာများ

အစားအစာနှင့် အမျှင်များ စိုက်ပျိုးထုတ်လုပ်ရန်အတွက် သုံးစွဲသည့် ရေချိုပမာဏပေါင်းသည် တစ်ကမ္ဘာလုံးသုံးစွဲသည့် ရေချိုပမာဏစုစုပေါင်း၏ ၈၆ ရာခိုင်နှုန်းခန့် ရှိကြောင်း၊ ကမ္ဘာ့နေရာဒေသအများအပြား၌ စိုက်ပျိုးရေးကဏ္ဍတွင်သုံးစွဲသည့် ရေချိုပမာဏသည် မြို့ပြနှင့် စက်မှုကဏ္ဍတွင်သုံးစွဲသည့် ရေပမာဏကို ယှဉ်နိုင်ကြောင်း သိရှိရပါသည်။

ကောက်ပဲသီးနှံအမျိုးမျိုး စိုက်ပျိုးရာတွင် သုံးစွဲရသည့် ရေကုန်ကျမှုနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများကို နိုင်ငံအများအပြား၌ ပညာရှင်များက ဆောင်ရွက်ခဲ့ကြပါသည်။ ရေခြေရာကိုဖော်ပြရာတွင် သီးနှံ တစ် မက်ဒရစ်တန် ထွက်ရှိရန်အတွက် သုံးစွဲရသည့် ရေထုထည်ပမာဏ(ကုဗမီတာ)နှင့် ဖော်ပြလေ့ရှိပါသည်။ သီးနှံအချို့၏ တစ်ကမ္ဘာလုံးပျမ်းမျှ (global average) ရေခြေရာများမှာ ကြံ-၂၀၀ m^3ton^{-1} (၁ ကုဗမီတာ=၁၀၀၀ လီတာ= ၂၂၀ ဂါလန်) (ကြံတစ်တန်ထုတ်လုပ်ရန်အတွက် ရေ ၂၀၀ ကုဗမီတာသုံးစွဲခဲ့ရသည်ဟု ဆိုလိုသည်။) ဟင်းသီးဟင်းရွက်- ၃၀၀m^3ton^{-1}၊ ဥနှင့် အမြစ်များ ၄၀၀ m^3ton^{-1}၊ သစ်သီးများ-၁၀၀၀ m^3ton^{-1}၊ စပါးနှင့် အခြားနှံစားပင်များ-၁၆၀၀ m^3ton^{-1}၊ ဆီထွက်သီးနှံများ-၂၄၀၀ m^3ton^{-1}၊ ပဲမျိုးစုံ-၄၀၀၀ m^3ton^{-1} အသီးသီးရှိကြောင်း မှတ်သားရပါသည်။ ဤကိန်းဂဏန်းများမှာ အကြမ်းဖျင်းဖြစ်ပါသည်။ သီးနှံတစ်ခုချင်းအလိုက် (ဥပမာ-စပါးနှင့် ဂျုံ) သုံးစွဲသည့် ရေအမျိုးအစားအလိုက် (ဥပမာ-မိုးရေသောက်နှင့် ဆည်ရေသောက်) နှင့် ဒေသအလိုက် ကွဲလွဲမှုများရှိပါသည်။ သီးနှံများအနက် ရေခြေရာပမာဏများသော သီးနှံများမှာ ကော်ဖီ၊ လက်ဖက်၊ ဆေးရွက်ကြီး၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ဆီထွက်အသီးများ၊ ရော်ဘာနှင့် အမျှင်အမျိုးမျိုးတို့ဖြစ်ကြပါသည်။

စိုက်ပျိုးရေးအတွက် ၁၉၉၆ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်းက တစ်ကမ္ဘာလုံး သုံးစွဲခဲ့သည့် ရေခြေရာများမှာ ပျမ်းမျှတစ်နှစ်လျှင် ကုဗမီတာ ၇၄၀၄ ဘီလီယံခန့်ရှိကြောင်း၊ ယင်းပမာဏအနက် သန့်ရှင်းသောရေ (green water)က ၇၈ ရာခိုင်နှုန်း၊ ရေပြာ(blue water)က ၁၂ ရာခိုင်နှုန်းနှင့် မီးခိုးရောင်ရေ (grey water)က ၁၀ ရာခိုင်နှုန်းစီ ပါဝင်ကြောင်း၊ ရေကို အများဆုံးသုံးစွဲခဲ့သည့် သီးနှံများမှာ ဂျုံ (၁၀၈၇ Gm^3yr^{-1})၊ စပါး(၉၉၂ Gm^3yr^{-1})နှင့် ပြောင်းဖူး (၇၇၀ Gm^3yr^{-1})တို့ဖြစ်ကြောင်း စိုက်ပျိုးရေးကဏ္ဍတွင် ရေခြေရာအများဆုံးရှိသည့် နိုင်ငံများမှာ အိန္ဒိယ (၁၀၄၇ Gm^3yr^{-1})၊ တရုတ် (၉၆၇ Gm^3yr^{-1})နှင့် အမေရိကန်ပြည်ထောင်စု (၈၂၆ Gm^3yr^{-1}) တို့ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံးအနေဖြင့် မိုးရေသောက်စိုက်ပျိုးမှု၏ ရေခြေရာမှာ ၅၁၇၃ Gm^3yr^{-1} (၉၁ % green နှင့် ၉% grey)၊ ဆည်ရေသောက်စိုက်ပျိုးမှု၏ ရေခြေရာမှာ ၂၂၃၀ Gm^3yr^{-1} (၄၈ % green, ၄၀% blue, ၁၂% grey) ရှိကြောင်း သိရှိရပါသည်။ (G-Giga-10^9-၁ ဘီလီယံ)။ ၂၀၀၀ ပြည့်နှစ်က ရှိခဲ့သော ကမ္ဘာ့လူဦးရေ ၆ ဒသမ ၀၈၉ ဘီလီယံကို အခြေခံလျက် အထက်ဖော်ပြပါတစ်ကမ္ဘာလုံး တစ်နှစ်သုံးစွဲခဲ့သည့် ရေပမာဏ ကုဗမီတာ ၇၄၀၄ ဘီလီယံကိုမူတည်ပြီး တွက်ချက်မည်ဆိုပါက ၁၉၉၆ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်းက စိုက်ပျိုးရေးအတွက် လူတစ်ဦး တစ်ရက်လျှင် ပျမ်းမျှ ကုန်ကျခဲ့သော ရေပမာဏမှာ ၇၃၂ ဒသမ ၉ ဂါလန်(၃၃၃၂ လီတာ) ခန့်ရှိပါသည်။ ဤပမာဏတွင် လူတစ်ဦးစားသုံးသော ကောက်ပဲသီးနှံများ၊ အဝတ်အထည်အတွက် လိုအပ်သောအမျှင်များနှင့် အခြား အသုံးအဆောင်များအတွက် လိုအပ်သောကုန်ကြမ်းများ (ဥပမာ-ရော်ဘာ) စိုက်ပျိုးရာတွင် ကုန်ကျခဲ့သည့် ရေများပါဝင်ပါသည်။ (ကမ္ဘာ့လူဦးရေသည် ၂၀၁၀ ပြည့်နှစ်က ၆ ဒသမ ၈၅၂ ဘီလီယံရှိခဲ့ပြီး ယခု ၂၀၁၁ ခုနှစ် ဩဂုတ်လတွင် ၇ ဘီလီယံ ရှိနိုင်ကြောင်း အမေရိကန်ပြည်ထောင်စု သန်းခေါင်စာရင်းဗျူရိုမှ ခန့်မှန်းထားပါသည်။)

ဇီဝလောင်စာရည်ထုတ်လုပ်ခြင်းမှ ရေခြေရာများ

ရုပ်ကြွင်းလောင်စာများ သုံးစွဲခြင်းသည် မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုများခြင်းကြောင့် ယင်းအစား သန့်ရှင်းသော ပြန်ပြည့်မြဲစွမ်းအင်များ (Green and Renewable Energy)နှင့် ပြန်ပြည့်မြဲစွမ်းအင်များ (Renewable Energy)ကို အစားထိုးသုံးစွဲနိုင်ရေးအတွက် နိုင်ငံအများအပြားက ကြိုးပမ်းလျက်ရှိကြပါသည်။

ပြန်ပြည့်မြဲစွမ်းအင်များတွင် ပါဝင်ပြီး ဇီဝလောင်စာရည်ဖြစ်သည့် ဇီဝအီသနောလောင်စာ(Bio-Ethanol)နှင့် ဇီဝဒီဇယ်(Bio-Diesel) ထုတ်လွှတ်မှုများသည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း သိသာစွာမြင့်မားလာခဲ့ပါသည်။ ကမ္ဘာကြီးတစ်ခုလုံးမှ ဇီဝအီသနောလောင်စာ (အီသနော) ထုတ်လွှတ်မှုသည် ၂၀၀၄ ခုနှစ်က ၁၀ ဒသမ ၇၇ ဘီလီယံ ဂါလန်ရှိခဲ့ရာမှ ၂၀၀၅ ခုနှစ်တွင် ၁၂ ဒသမ ၁၅ ဘီလီယံဂါလန်သို့လည်းကောင်း၊ ၂၀၀၆ ခုနှစ်တွင် ၁၃ ဒသမ ၄၉ ဘီလီယံဂါလန်သို့လည်းကောင်း တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြားလာခဲ့ပါသည်။

ဇီဝဒီဇယ်(ဘိုင်အိုဒီဇယ်)ထုတ်လုပ်မှုတွင်လည်း အမေရိကန်ပြည်ထောင်စုမှ ၂၀၀၄ ခုနှစ်တွင် ဂါလန်ပေါင်း ၂၅ သန်းထုတ်လုပ်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ဂါလန်ပေါင်း ၇၅ သန်းအထိ ထုတ်လုပ်ခဲ့ပါသည်။ တစ်ဖန် ၂၀၀၆ ခုနှစ်တွင် ဂါလန်သန်းပေါင်း ၂၅၀ထိ တိုးမြှင့်ထုတ်လုပ်ခဲ့ခြင်းကြောင့် ၂၀၀၄ ခုနှစ်ကထက် ၁၀ဆ မြင့်မားလာခဲ့ပါသည်။ ၂၀၀၆ ခုနှစ်က ကမ္ဘာ့ဘိုင်အိုဒီဇယ်ထုတ်လုပ်မှု ပမာဏသည် ဂါလန်ပေါင်း ၁၅ ဒသမ ၃၉ ဘီလီယံရှိခဲ့သဖြင့် အမေရိကန်ပြည်ထောင်စုမှ ထုတ်လုပ်မှုပမာဏသည် တစ်ကမ္ဘာလုံး၏ ၁၂ ဒသမ ၃၅ ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စု၊ ဘရာဇီးနှင့် အီးယူနိုင်ငံများ၏ ဘိုင်အိုဒီဇယ်ထုတ်လုပ်မှုသည် ၂၀၀၆ ခုနှစ်က တစ်ကမ္ဘာလုံး၏ ၇၅ ရာခိုင်နှုန်းခန့် ရှိခဲ့ပါသည်။ အခြားနိုင်ငံများတွင်လည်း ဘိုင်အိုဒီဇယ်ထုတ်လုပ်မှုသည် တစ်နှစ်ထက်တစ်နှစ် လျင်မြန်စွာ တိုးတက်မြင့်မားလာခဲ့ပါသည်။ ဤသို့ ဇီဝလောင်စာရည်ထုတ်လုပ်မှု သိသာစွာမြင့်မားလာရခြင်း၏ အဓိကအကြောင်းများတွင် ပို့ဆောင်ရေးအတွက် လိုအပ်လျက်ရှိသော လောင်စာကို တစ်နည်းတစ်လမ်းဖြည့်ဆည်းရန် ကြိုးပမ်းခြင်းသည်လည်း တစ်ခုပါဝင်ပါသည်။

အီသနောကို ဓာတ်ဆီအစား သုံးစွဲပြီး ယင်းကိုပြောင်းဖူး၊ ကြံ၊ ပီလောပီနံ၊ ဂျုံနှင့် အခြားအနှံများမှလည်းကောင်း၊ ဘိုင်အိုဒီဇယ်ကို ဆီအုန်း၊ အုန်းသီး၊ ထောပတ်သီး စသည့်ဆီထွက်သီးနှံများနှင့် ကြက်ဆူစေ့မှလည်းကောင်း ထုတ်လုပ်လျက်ရှိကြပါသည်။ ဤတွင် ရေသုံးစွဲမှုကို ခြေရာခံကြသည့် သုတေသီများက ဇီဝလောင်စာရည်များ ထုတ်လုပ်ရာတွင် သုံးစွဲရသည့် ရေပမာဏကို အဓိကအားဖြင့် သီးနှံများစိုက်ပျိုးရာတွင် သုံးစွဲရသည့် ရေပမာဏနှင့် သီးနှံများမှ ဇီဝလောင်စာရည် ထုတ်လုပ်ရာတွင် သုံးစွဲရသည့် ရေပမာဏဟူ၍ ကဏ္ဍနှစ်ခုခွဲခြားပြီး လေ့လာခဲ့ကြပါသည်။

အမေရိကန်ပြည်ထောင်စုတွင် အီသနောထုတ်လုပ်ရန်အတွက် ၂၀၀၆ ခုနှစ်က ပြောင်းဖူးဧကပေါင်း ၇၈ ဒသမ ၄ သန်း စိုက်ပျိုးခဲ့ပါသည်။ ပြောင်းဖူးကို အဓိကစိုက်ပျိုးသော အိုင်အိုးဝါးပြည်နယ်ကို အခြေပြုသည့် သုတေသနပြုချက်များအရ အီသနောတစ်ဂါလန် ထုတ်လုပ်ရန် ရေပမာဏ ၁၀၈၁ ဂါလန်မှ ၁၁၂၁ ဂါလန်လိုအပ်ကြောင်း တွေ့ရှိရသည့်အပြင် ဆည်ရေဖြင့် စိုက်ပျိုးသော နီဘရားစကားပြည်နယ်ကို အခြေခံ၍ တွက်ချက်မှုများအရ အီသနောတစ်ဂါလန် ထုတ်လုပ်ရန် ရေ ၁၅၆၈ ဂါလန်ခန့်လိုအပ်ကြောင်း တွေ့ရှိထားပါသည်။ တရုတ်နိုင်ငံတွင် ဆည်ရေကို အသုံးပြု၍ စိုက်ပျိုးသည့် ပြောင်းဖူးမှ အီသနော တစ်ဂါလန် ထုတ်လုပ်ရန်အတွက် ကုန်ကျသည့်ရေပမာဏသည် အမေရိကန်ပြည်ထောင်စု၏ ၁ ဒသမ ၅ ဆခန့်ရှိကြောင်း၊ ဇီဝလောင်စာရည် ထုတ်လုပ်ခြင်းကြောင့် စားသုံးသီးနှံထွက်ရှိမှုကို မထိခိုက်စေရန်အတွက် နှံစားပြောင်းနှင့် ကြက်ဆူပင်များကို ပြောင်းလဲစိုက်ပျိုးလျက်ရှိကြောင်း မှတ်သားရပါသည်။

အီသနောထုတ်လုပ်ရာ၌ ကုန်ကျသည့်ရေပမာဏတွင် စက်ရုံ၌ အီသနောထုတ်လုပ်ခြင်းအတွက် ကုန်ကျသောရေပမာဏမှာ စိုက်ပျိုးရာတွင် ကုန်ကျသည့် ရေပမာဏနှင့် နှိုင်းယှဉ်လျှင် ပြောပလောက်အောင်မများပါ။ အမေရိကန်ပြည်ထောင်စု မီနီဆိုးတားပြည်နယ်ရှိ အီသနောစက်ရုံများ၌ ၂၀၀၅ ခုနှစ်က သုတေသနပြုမှုများအရ အီသနောတစ်ဂါလန် ထုတ်လုပ်ရာတွင် ရေ ၄ ဒသမ ၂ ဂါလန်ခန့်သာ ကုန်ကျကြောင်း သိရှိရပါသည်။

ဘရာဇီးနိုင်ငံတွင် ကြံမှ အီသနောထုတ်လုပ်ရာတွင် အီသနော တစ်ဂါလန်ရရှိရန် ရေ ၉၂၇ ဂါလန်မှ ၁၃၉၁ ဂါလန် သုံးစွဲရကြောင်း၊ ယင်း ရေပမာဏတွင် အီသနောစက်ရုံ၌ သုံးစွဲရသည့် ရေပမာဏမှာ ၂၁ ဂါလန်ခန့်သာရှိကြောင်း မှတ်သားရပါသည်။ ထို့ပြင် ကြံစိုက်ပျိုးခြင်းသည် ရေ၏ အရည်အသွေးနှင့် ပမာဏကျဆင်းမှုဖြစ်စေနိုင်ကြောင်း FAO မှ ထုတ်ပြန်ထားပါသည်။ ထို့မျှမက ကြံစိုက်ပျိုးရာတွင် အသုံးပြုသည့် ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးရည်များကြောင့် မြေပေါ်မြေအောက်ရှိ ရေများကို ညစ်ညမ်းစေကြောင်း၊ ကြံစိုက်ပျိုးခြင်းကြောင့် ရေ၏ အရည်အသွေးနှင့် ပမာဏအား ထိခိုက်မှုများကို ဘရာဇီးနိုင်ငံ၌ သာမက ကြံကိုအခြေခံ၍ အီသနောထုတ်လုပ်နေကြသော အိန္ဒိယနှင့် တောင်အာဖရိကနိုင်ငံများတွင်လည်း ကြုံတွေ့နေကြရကြောင်း သိရှိရပါသည်။

မြို့ပြရေသုံးစွဲမှု အခြေအနေ

ကမ္ဘာပေါ်ရှိ လူပေါင်း ၁ ဒသမ ၂ ဘီလီယံသည် သောက်သုံးရေ လုံလောက်မှုမရှိကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်းသည် သန့်ရှင်းရေးနှင့် မိလ္လာအတွက် နေ့စဉ်လိုအပ်လျက်ရှိသော ရေ (daily sanitation needs)ကို ပြည့်မီအောင် မရရှိကြကြောင်း၊ ရေသုံးစွဲမှုများနှင့် စီမံကိန်းများကို အချိန်မီမဆောင်ရွက်ကြပါက လာမည့်နှစ် ၅၀ ၌ လူသားများအတွက် လိုအပ်မည့် အစားအစာများနှင့် အမျှင်များထုတ်လုပ်ရာ၌ သုံးစွဲရမည့် ရေပမာဏကို လုံလောက်အောင် ရရှိနိုင်မည်မဟုတ်ကြောင်း နိုင်ငံတကာ ရေစီမံရေးရာပါရဂူများက ကြိုတင်သတိပေးထားကြပါသည်။ တရုတ်နိုင်ငံရှိ မြို့ကြီး ၆၀၀ အနက် ၅၅၀ သည် ရေမလုံလောက်မှုနှင့် ရင်ဆိုင်နေရကြောင်း၊ မြို့နေလူထု သုံးစွဲသည့်ရေနှင့် စက်ရုံများက သုံးစွဲသည့် ရေပမာဏသည် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသများမှ သုံးစွဲသည့် ရေပမာဏကို ယှဉ်ပြိုင်နေ ပြီဖြစ်ကြောင်း သိရှိရပါသည်။ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများရှိ လူလတ်တန်းစားလူဦးရေသည် အမေရိကန်ပြည်ထောင်စု၏ လူဦးရေခန့်ရှိပြီး ယင်း လူလတ်တန်းစားများသည်လည်း အမေရိကန်များကဲ့သို့ ပြုမူနေထိုင်ရန် ဆန္ဒပြင်းပြလျက်ရှိကြခြင်းသည်လည်း ရေရှားပါးမှုကို ပို၍ဆိုးရွားစေသည့် အကြောင်းအချက်တစ်ရပ်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံ ပလာချီမာဒါ (Plachimada) ဒေသတွင်၂၀၀၀ပြည့်နှစ်က တည်ထောင်ခဲ့သည့် ကိုကာကိုလာစက်ရုံတစ်ရုံက ရေများကို အလွန်အကျွံသုံးစွဲခဲ့ခြင်းကြောင့် ရေအရင်းအမြစ်များ လျော့နည်းသွားသည်သာမက ရေ၏ အရည်အသွေးလည်း ကျဆင်းသွားကြောင်း၊ အကျိုးဆက်အဖြစ် စိုက်ပျိုးရေးကို အဓိကအခြေခံသော ယင်းဒေသ၏ စီးပွားရေးပျက်ယွင်းသွားသည်သာမက ဒေသခံလယ်သမားအများအပြားသည်လည်း လယ်ယာများကို စွန့်ခွာသွားကြရကြောင်း ကြားသိရပါသည်။

၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အတွင်း ကောက်ယူခဲ့သော စာရင်းများအရ အမေရိကန်နိုင်ငံသားတစ်ဦးအတွက် တစ်နှစ်လျှင် ကုန်ကျသည့် ရေပမာဏမှာ ကုဗမီတာ ၂၅၀၀ (တစ်ရက်လျှင် ၆၈၅၀ လီတာ သို့မဟုတ် ၁၅၀၇ ဂါလန်) ခန့်ရှိပြီး တရုတ်နိုင်ငံသားတစ်ဦးအတွက် တစ်နှစ်လျှင် ကုန်ကျသည့် ရေပမာဏမှာ ကုဗမီတာ ၇၀၀ (တစ်ရက်လျှင် ၁၉၁၈ လီတာ သို့မဟုတ် ၄၂၂ ဂါလန်) ခန့်ရှိကာ လူသားတစ်ဦး (တစ်ကမ္ဘာလုံးပျမ်းမျှ) အတွက် တစ်နှစ်လျှင်ကုန်ကျသည့် ရေပမာဏသည် ကုဗမီတာ ၁၂၄၀ (တစ်ရက်လျှင် ၃၃၉၇ လီတာ သို့မဟုတ် ၇၄၇ ဂါလန်) ခန့်ရှိကြောင်း သိရှိရပါသည်။ ဖော်ပြပါ ပမာဏများတွင် လူတစ်ဦးချင်းတိုက်ရိုက်သုံးစွဲသည့် ရေပမာဏနှင့် လူတစ်ဦးချင်းအတွက် လိုအပ်သောအစားအစာများ ထုတ်လုပ်ခြင်း၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အိမ်ရာများ ဆောက်လုပ်ခြင်းစသည်များအတွက် ကုန်ကျသည့် ရေပမာဏများ ပါဝင်ပါသည်။

၂၀၀၀ ပြည့်နှစ်က ယူနက်စကို၏ ထုတ်ပြန်ချက်အရ လူတစ်ဦးချင်း တိုက်ရိုက်သုံးစွဲသည့် ရေပမာဏသည် ဖွံ့ဖြိုးပြီးနိုင်ငံများတွင် တစ်ရက်လျှင် လီတာ ၅၀၀ မှ လီတာ ၈၀၀ (ဂါလန် ၁၁၀ မှ ဂါလန် ၁၇၆၀) ခန့်ရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လီတာ ၆၀ မှ လီတာ ၁၅၀ (၁၃ ဂါလန်မှ ၃၃ ဂါလန်) ခန့်ရှိကြောင်း သိရှိရပါသည်။

အထက်ဖော်ပြပါ ရေခြေရာကောက်သည့် လေ့လာမှုများနှင့် သာဓကများကို သုံးသပ်ခြင်းအားဖြင့် စာရေးသူတို့ လူသားများ၏ စားဝတ်နေရေး၊ သွားလာရေးနှင့် ကျန်းမာရေးစသည်တို့အတွက် သုံးစွဲရသည့် ရေပမာဏမှာ အလွန်များပြားလျက်ရှိသည်သာမက ရေကို မဆင်မခြင်သုံးစွဲပါက ရေအရည်အသွေးကျဆင်းခြင်း၊ ရေအရင်းအမြစ်များ လျော့နည်းခြင်း၊ ပျောက်ကွယ်ခြင်းများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း တွေ့ရှိနိုင်ပါသည်။

"ရေ၏အသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်" ဟူသော ဆိုရိုးစကားအတိုင်း ရေသည် လူသားများအတွက် မရှိမဖြစ် အလွန်အရေးပါသည်သာမက တိရစ္ဆာန်နှင့် အပင်များအတွက်လည်း အဓိကကျခြင်းကြောင့် ရေမရှိလျှင်သော်လည်းကောင်း၊ လုံလောက်အောင်မရရှိလျှင်သော် လည်းကောင်း၊ ညစ်ညမ်းသွားလျှင်သော်လည်းကောင်း ဂေဟစနစ်များပြောင်းလဲပြီး သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးသွားနိုင်ပါသည်။ ထို့ကြောင့် ရေသုံးစွဲရာ၌ အလဟဿဖြုန်းတီးမှုများကို ရှောင်ရှားကြပြီး စနစ်တကျ သုံးစွဲကြပါစို့ဟု ဆန္ဒပြုရင်း ယခုလာမည့် ဇွန်လ ၅ ရက်နေ့တွင် ကျရောက်မည့် **"ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့"**ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ပစ္စည်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇွန် ၄

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး တက္ကသိုလ်အဆင့် ပညာသင်ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦးက အထက်တန်းအဆင့်ပညာသင်ထောက်ပံ့ပစ္စည်းများကို လည်းကောင်း၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်မင်းအောင်က အလယ်တန်းအဆင့် ပညာသင်ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ ပါမောက္ခချုပ် ဒေါက်တာမိမိသက်သွင်က မူလတန်းအဆင့် ပညာသင်ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း ပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားတွင် တက္ကသိုလ်အဆင့်မှ မူလတန်းအဆင့်အထိ ကျောင်းသား၊ ကျောင်းသူ ၇၅ ဦးတို့အတွက် ကျောင်းသုံးစာရွက်စာတမ်းများ၊ စာရေးကိရိယာပစ္စည်းများနှင့် ကျောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထောက်ပံ့ပေးအပ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက္ကသိုလ်အဆင့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၆-၂၀၁၁

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၄။ **ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၁၀)**
၁၁း၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အသိတရား**
၁၂း၃၀ ၆။ ကျန်းမာသုတ
၁၂း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၇၃)**

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ ဇာတ်လမ်းတို
၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၀ ၇။ မြန်မာ့ရှုခင်း
၅း၁၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၅ ၉။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ဘဝကြေးမုံ -ယောက္ခမနှင့်သမက် (ဝိုင်းချစ်၊ ပန်ဆုပြည့်ကျော်နှင့်သရုပ်ဆောင်များ) (ဒါရိုက်တာ-ထင်ထင်း)
၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၁၆)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ပဟေဠိနန်းတော်
၂၀။ ကျန်းမာသုတ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အချစ်တို့တည်ရာ (အပိုင်း-၂၁)**
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၅၉)**
၂၄။ အစီအစဉ်ပြီး၏။

မူးယစ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် တိုင်းဒေသကြီးပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ထွန်းဦး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း၊ အမှတ်(၃)အခြေခံပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ရန်ကုန်တိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲသို့ တက်ရောက်၍ ပြိုင်ပွဲဝင်ကလေးငယ်များအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားသည်။

အဆိုပါ ပြိုင်ပွဲကို ဇွန် ၄ ရက်မှ ၅ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၅၃၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ၂၀၁၁ ခုနှစ်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် ကာတွန်း၊ ပန်းချီနှင့် ပိုစတာပြိုင်ပွဲဝင် ကလေးငယ်များအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

ညို့ဓာတ်ပြင်းလွန်းသော ဘောလိဝုဒ်မင်းသမီး ကရီနာကပူး၏ ဘဝဇာတ်ကြောင်း

ယနေ့ခေတ် အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်လောကတွင် ရုပ်ရည်ရူပကာ ချောမောလှပလွန်းပြီး သရုပ်ဆောင်မှု အတတ်ပညာပိုင်းတွင်လည်း ထူးချွန်ထက်မြက်သူ မင်းသမီးချော ကရီနာကပူးသည် ရုပ်ရှင်သရုပ်ဆောင် အနုပညာနယ်ပယ်တွင် အကောင်းဆုံးအမျိုးသမီး ဇာတ်ပို့/ဇာတ်ဆောင်ဆုခြောက်ခုရရှိထားသည်အထိ အောင်မြင်မှုရရှိနေသူဖြစ်သည်။

ဘောလိဝုဒ် ရုပ်ရှင်လောကတွင် လင်းလက်တောက်ပလာမည့် ကြယ်ပွင့်လောင်း ကရီနာကပူးကို ၁၉၈၀ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ မွေးဖွားခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကပူးရုပ်ရှင်မိသားစု၏ အနုပညာအမွေကို ဆက်ခံရန် မွေးဖွားလာခြင်းလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကရီနာကပူးသည် ဖခင် မင်းသားကြီး ရန်ဒီဟာကပူးနှင့် မိခင် ဘာဘီတာတို့၏ သမီးငယ်တစ်ဦးဖြစ်သကဲ့သို့ အစ်မဖြစ်သူ ကာအစ်စ်မာကပူးသည်လည်း ဘောလိဝုဒ်မင်းသမီးတစ်ဦးပင်ဖြစ်သည်။ ထို့ပြင် ကရီနာကပူးသည် သရုပ်ဆောင်၊ ဒါရိုက်တာ ရာဂျီကပူး၏ မြေးဖြစ်သကဲ့သို့ မင်းသားကြီး ပရီတဗာရာဂျီကပူး၏ မြစ်တစ်ဦးလည်းဖြစ်သည်။ ထို့ပြင် မင်းသားကြီး ရီရှီကပူး၏ တူမတစ်ဦးလည်း ဖြစ်ပြန်သည်။ ကပူးမိသားစု၏ အဆိုအရ ကရီနာ ဆိုသည့် ရှေ့ဆက်အမည်မှာ မိခင်ဘာဘီတာသည် သူမ၏ ကိုယ်ဝန်ကို လွယ်ထားရစဉ်က အန်နာကရီနာ အမည်ရှိစာအုပ်ကို ဖတ်နေ၍ ကရီနာကပူးဟု ခေါ်ဆိုရခြင်းဖြစ်သည်ဟု ဆိုသည်။

ဤကဲ့သို့ ဘောလိဝုဒ်ရုပ်ရှင်လောက၏ အရှိန်အဝါကြီးလွန်းသော ကပူးရုပ်ရှင်မိသားစု၏ မျိုးဆက်သစ်လေး ကရီနာကပူးသည် ငယ်ရွယ်စဉ် အခါကပင် မီဒီယာများ၏ မျှော်လင့်ချက်ကြီးစွာဖြင့် အာရုံစိုက်မှုကို ခံခဲ့ရသည်။ ကရီနာကပူးကိုယ်တိုင်သည်လည်း ငယ်စဉ်ကတည်းက သရုပ်ဆောင်မင်းသမီးတစ်ဦးဖြစ်ရန် ဆန္ဒအလွန် ပြင်းပြခဲ့သည်။ အထူးသဖြင့် ဘောလိဝုဒ်ရုပ်ရှင်မင်းသမီးများဖြစ်သည့် နာဂျစ်နှင့် မီနာကူမာရီတို့၏ ရုပ်ရှင်ကားများကိုကြည့်၍ ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ရန် အရူးအမူးဖြစ်ခဲ့သည်။ မည်မျှအထိရူးသွပ်ခဲ့သည်ဆိုမူ သူမ မိခင်၏ အဝတ်အစားများကို ဝတ်၍ မှန်တင်ခုံရှေ့တွင် သရုပ်ဆောင်မှု အမူအရာများ၊ စကားပြောဟန်ဆိုဟန်များကို အရူးတစ်ယောက်လို လေ့ကျင့်ခဲ့သည်ဟုဆိုသည်။

ကရီနာကပူး၏ ဇာတ်ကားများ

ကရီနာကပူးသည် ငယ်စဉ်ကတည်းက မီဒီယာများ၏ စိတ်ဝင်စားခြင်းခံခဲ့ရသော်လည်း ၂၀၀၀ ပြည့်နှစ်ရောက်မှ ရုပ်ရှင်ဇာတ်ကား စတင်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပထမဦးဆုံးရိုက်ကူးခဲ့သည့် Refugee ဇာတ်ကားမှာပင် အကောင်းဆုံးမျက်နှာသစ် အမျိုးသမီးသရုပ်ဆောင်ဆုကို ရရှိခဲ့သည်။ ၂၀၀၁ ခုနှစ်တွင်လည်း Kabhi Khushi Kabhie Gham ဇာတ်ကားသည် အိန္ဒိယ၏ ဝင်ငွေအကောင်းဆုံးဇာတ်ကားဖြစ်သကဲ့သို့ သူမအတွက်လည်း ပြည်ပဈေးကွက်တွင် စီးပွားရေးအရ အအောင်မြင်ဆုံး ဇာတ်ကားတစ်ကားဖြစ်ခဲ့သည်။ ၂၀၀၃ ခုနှစ်က Chameli ဇာတ်ကား၊ ၂၀၀၄ ခုနှစ် က Dev ဇာတ်ကားနှင့် ၂၀၀၆ ခုနှစ်က Omkara ဇာတ်ကားများသည်လည်း ကရီနာကပူး၏ နာမည်ကျော်လူကြိုက်များသောဇာတ်ကားများဖြစ်ခဲ့သကဲ့သို့ ဤဇာတ်ကားများဖြင့်ပင် သူမသည်လည်း ရုပ်ရှင်အကယ်ဒမီ ထူးချွန်ဆုသုံးဆုရရှိခဲ့သည်။

၂၀၀၇ ခုနှစ်က Jab We Met ဇာတ်ကားသည်လည်း ကရီနာကပူး၏ ဇာတ်ကားများထဲမှ အကောင်းဆုံးတစ်ကားဖြစ်ပြီး အိန္ဒိယပြည်တွင်းရုပ်ရှင်ဈေးကွက်တွင် အိန္ဒိယရူပီး ၃၀၃ သန်း (အမေရိကန်ဒေါ်လာ ၆ ဒသမ ၇၃ သန်း) ရရှိခဲ့သည်။ ဤဇာတ်ကားဖြင့်လည်း အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု ရရှိခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် We Are Family ဇာတ်ကားဖြင့်လည်း အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ရရှိခဲ့သည်။ Body-guard အမည်ရှိရုပ်ရှင်ကားသည်လည်း ၂၀၁၀ ခုနှစ်တွင် ထွက်ရှိခဲ့သည်။ ယခုနှစ် စောစောပိုင်းတွင်လည်း Ra. One အမည်ရှိ စိတ်ကူးယဉ်သိပ္ပံဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသည်။

ကရီနာကပူး၏ သရုပ်ဆောင်လောက၏ ပြင်ပဘဝမှာတော့ မင်းသားဆာအစ်အလီခန်နှင့် တွဲလျက်ရှိပြီး ၎င်းတို့နှစ်ဦး၏ သတင်းများ၊ ဓာတ်ပုံများမှာ အိန္ဒိယမီဒီယာများ၏ ထိပ်တန်းဦးစားပေးသတင်းအဖြစ် ရေပန်းစားလျက်ရှိသည်။

အင်တာနက်။

အေဝမ်းစိုး

နိုင်ငံအဝန်း သစ်တော အစွမ်းဖြင့် စိမ်းလန်းစေရမည်

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၏ ၂၀၁၁-၂၀၁၂ နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၂၀ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့် မြို့နယ်တာဝန်ရှိသူတစ်ဦးအား တာဝန်ပေးအပ်လွှာများပေးအပ်စဉ်။

(မြို့နယ်ပြန်/ဆက်)

ထားဝယ်-မြိတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ဖောက်လုပ်ပေးခဲ့ခြင်းကြောင့် လမ်းမကြီးဖြတ်သန်းရာ တိုင်းနယ်မြေအသီးသီးကို ကားဖြင့် ဆက်စပ်သွားလာနိုင်ခဲ့ပြီး ရထားလမ်းအနေဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့မှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အထိ ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်သည်။ ဆက်လက်၍ ထားဝယ်မြို့မှ မြိတ်မြို့အထိ သွားလာနိုင်ရန် ဖောက်လုပ်လျက်ရှိကြောင်း သိရှိရသည်။

မြစ်ချောင်းများ ပေါများသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆက်သွယ်သွားလာနိုင်မည့် ထားဝယ်- မြိတ်ရထားလမ်းမကြီးပြီးစီးပါက မြိတ်မြို့မှ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးနယ်မြေများကို ဖြတ်ကျော်၍ မြန်မာနိုင်ငံတစ်နံတစ်လျား အရှေ့အနောက်၊ တောင်မြောက်သို့ မီးရထားဖြင့် သွားလာနိုင်မည်ဖြစ်သည်။

ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းဖွင့်ပွဲတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနားမှာ ၁၃၂ ဒသမ ၅ မိုင် ရှိသည့် ထားဝယ်-မြိတ် ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်း အရှည်မိုင် ၁၉ ဒသမ ၃၁ မိုင်ကို ဖွင့်လှစ်ပေးသည့် အခမ်းအနားပင် ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တနင်္သာရီတိုင်းဒေသကြီးတွင် ရန်ကုန်-မော်လမြိုင်-ရေး-ထားဝယ်-မြိတ်-ကော့သောင်း ကားလမ်းမကြီးကို အထင်ကရ ဖောက်လုပ်ပေးခဲ့ခြင်းကြောင့် လမ်းမကြီး ဖြတ်သန်းသွားလာရာ တိုင်းနယ်မြေအသီးသီးကို ကားဖြင့် ဆက်စပ်သွားလာနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ရထားလမ်းအနေဖြင့်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့မှ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့အထိ ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ယခုလည်း ထားဝယ်မြို့မှ မြိတ်မြို့အထိ သွားလာနိုင်ရန် ဖောက်လုပ်လျက်ရှိကြောင်း၊ ထားဝယ်-သရက်ချောင်း ရထားလမ်းကို ၂၁-၁၂-၂၀၀၈ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့ ၄-၆-၂၀၁၁ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သဖြင့် တည်ဆောက်ချိန် ၁၈ လ ကြာမြင့်ခဲ့ကြောင်း။

ရထားလမ်းသစ်အပိုင်းတွင် တံတားကြီး/ငယ်ပေါင်း ၆၅ စင်း ပါရှိပြီး ရထားလမ်းတစ်မိုင်တွင် တံတားသုံးစင်းကျော်ကျော် ဆောင်ရွက်ခဲ့ရကြောင်း၊ မြေကြီးကျင်းပေါင်း ၄၇၂၆၄၂ ကျင်း ဆောင်ရွက်ခဲ့ရပြီး အများဆုံးဖြတ်မြေအမြင့် ၃၇ ပေ၊ အများဆုံးဖို့မြေအမြင့် ၁၀ ပေ ရှိကြောင်း။

အများဆုံးကွေ့ဒီဂရီ ၆ ဒီဂရီ၊ ကွေ့ပေါင်း ၂၁ ကွေ့၊ အများဆုံးဆင်ခြေလျှော ၁း၅၀၀ ဖြစ်ကြောင်း။

ဆိပ်ကမ်းဘူတာ၊ ညောင်ဇင်ဘူတာ၊ သရက်ချောင်းဘူတာ-ဘလောက်ဘူတာ သုံးခုနှင့် ရှင်မုတ္ထီးဘူတာ၊ သရက်နှစ်ခွ ဘူတာ-ရပ်စခန်းဘူတာ နှစ်ခု ပါဝင်ကြောင်း။

ထားဝယ်ဘူတာကြီးသည် ထားဝယ်မြို့မှ ၃ မိုင် ၂ ဖာလုံကွာဝေးပြီး သွားလာရန် အချိန်ကန့်သတ်ချက်များရှိကြောင်း၊ ထို့အတွက် ထားဝယ်ဆိပ်ကမ်းဘူတာကို ထားဝယ်မြို့နှင့် ကပ်လျက်တည်ဆောက်ပေးခဲ့ကြောင်း။

မြန်မာနိုင်ငံ၌ မြန်မာ့မီးရထားလုပ်ငန်းကို ၁၈၇၇ ခုနှစ်တွင် စတင်ခဲ့ပြီး ရထားလမ်းဖောက်လုပ်နိုင်ခဲ့မှုကို ကြည့်မည်ဆိုလျှင် ၁၈၇၇ ခုနှစ်မှ လွတ်လပ်ရေးရပြီးထိ ၁၉၄၈ ခုနှစ်ထိ ရထားလမ်းပိုင်း ၁၉၂၄ ဒသမ ၇၅ မိုင် ဖောက်လုပ်ခဲ့ကြောင်း၊ ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ရထားလမ်း ၅၁ ဒသမ ၆ မိုင် ဖောက်လုပ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဧပြီလအထိ ၁၀၄၈ ဒသမ ၉၅ မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် တစ်နှစ်လျှင် ရထားလမ်းမိုင် ၂၅၀ ဖောက်လုပ်နိုင်ရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိရာ သတ်မှတ်ရည်မှန်းချက်အတိုင်း ဖောက်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရထားဖြင့် သယ်ယူပို့ဆောင်ခြင်းသည် စရိတ်စကသက်သာပြီး ကုန်ပစ္စည်းများကို များများသယ်ယူနိုင်သော လုပ်ငန်းဖြစ်ကြောင်း၊ ပြည်ထောင်စုအတွင်း တစ်နေရာမှ တစ်နေရာသို့ လွယ်ကူစွာသွားလာနိုင်ရန်အတွက် မူလရှိပြီးသား ရထားလမ်းများနှင့် ဆက်စပ်ပြီး အမျိုးသားမီးရထားကွန်ရက်ကို အကောင်အထည်ဖော်တည်ဆောက်နေခြင်း ဖြစ်ကြောင်း၊ ယခင်က ရထားလမ်းမပေါက်ရောက်ခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့သို့ ရထားလမ်းများကို စီမံကိန်းများချမှတ်ပြီး ဖောက်လုပ်ပေးလျက်ရှိရာ ယင်းရထားလမ်းများအားလုံး ပြီးစီးသွားပါက အမျိုးသားမီးရထား ကွန်ရက်ကြီးဖြစ်လာတော့မည်ဖြစ်ကြောင်း။

ဖောက်လုပ်ဆဲရထားလမ်းစီမံကိန်း ၁၃ ခုရှိပြီး မီးရထားလမ်းခရီးမိုင် ၂၂၆၅ မိုင်ဖြစ်ကြောင်း၊ ၄၇၄ မိုင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သဖြင့် ၁၇၉၁ မိုင် ဖောက်လုပ်ရန် ကျန်ရှိကြောင်း၊ ဖောက်လုပ်ရန်ကျန်ရထားလမ်းများကိုလည်း အမြန်ဆုံးဆောင်ရွက်ပြီး အပိုင်းလိုက် ဖွင့်လှစ်နိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတကာ၌ ပြောင်းလဲတိုးတက်လာသော နည်းပညာသစ်များနှင့်အတူ သယ်ယူပို့ဆောင်ရေး ကဏ္ဍသစ်များ တိုးတက်ပြောင်းလဲလာခဲ့သည်ဟု ဆိုရမည်ဖြစ်သော်လည်း ရထားပို့ဆောင်ရေးလုပ်ငန်းသည် အားထားနေရသော ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်အဖြစ် ရပ်တည်နေဆဲဖြစ်ကြောင်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်း စသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်စေရေးသာမက လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမွေ့စေရေး အခန်းကဏ္ဍတွင် ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော်က ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းသစ်သည် ထားဝယ်-မြိတ်ရထားလမ်းမကြီးတွင် ပထမဆုံးအကြိမ် ဖွင့်လှစ်နိုင်ခဲ့သည့် ရထားလမ်းပိုင်းအသစ်တစ်ခုဖြစ်သကဲ့သို့ အမျိုးသားရထားလမ်းကွန်ရက် (National Railway Network) ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ခေါ်ဆိုရမည်ဖြစ်ကြောင်း၊ ထားဝယ်-မြိတ် ရထားလမ်းမကြီး ဖောက်လုပ်ပြီးစီးပါက တနင်္သာရီတိုင်းဒေသကြီး၏ ဒေသထွက်ကုန်ပစ္စည်းများကို ရထားလမ်း ဆက်စပ်ရာ ဒေသကြီးများနှင့် မြို့နယ်များသို့ စရိတ်စက သက်သာစွာ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် မဆုတ်မနစ်သော ဇွဲလုံ့လတို့ဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြပြီး ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံကောင်းများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်းအသုံးပြုနိုင်ရေးအတွက် အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပေးသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထားဝယ်-သရက်ချောင်း ရထားလမ်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းကို သုံးရက်တိတိ အခမဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး နောင်တွင် ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်းကို ထားဝယ်မြို့ ဆိပ်ကမ်းဘူတာမှ သရက်ချောင်းဘူတာသို့ ပြေးဆွဲပေးမည်ဖြစ်ကာ ယခင်ပြေးဆွဲနေသည့် ထားဝယ်-ရေး ရထားခရီးစဉ်ကိုလည်း ထားဝယ်မြို့ ဆိပ်ကမ်းဘူတာမှ ရေးသို့ ပြောင်းလဲ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရထားလမ်းပိုင်းကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၅-၁၉၈၁) အင်ဂျင်နီယာနှင့် ဗိသုကာများ၏ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲ

ရန်ကုန် ဇွန် ၄

ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၇၅ ခုနှစ် ဝင်ခွင့်ရရှိသူအားလုံးနှင့် (မည်သည့်နှစ်ကဝင်ဝင်) ၁၉၈၁ ခုနှစ်တွင် ဘွဲ့ရရှိခဲ့ကြသော အင်ဂျင်နီယာနှင့် ဗိသုကာကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ကျေးဇူးရှင် ဆရာကြီး၊ ဆရာမကြီးများကို ဘွဲ့ရပြီး နှစ် (၃၀) မြောက် ပုလဲရတုအထိမ်းအမှတ်ဖြင့် ဒီဇင်ဘာလတွင် ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ဘာသာရပ်ပေါင်းစုံမှ သူငယ်ချင်းအားလုံး အလှူငွေများ ထည့်ဝင်လိုပါက စောမောင် ဖုန်း-၀၉-၅၂၀၀၅၁၇၊ ငွေစိုး ဖုန်း-၀၁-၂၂၂ ၄၇၄၊ ကျော်ဆန်း ဖုန်း-၀၉-၅၀၀၃၈၁၆၊ အောင်နိုင်မြင့် ဖုန်း-၀၁-၅၄၉၅၈၃၊ စိန်အောင် ဖုန်း-၀၉-၅၀၀၃၄၂၀၊ တိုးတိုးစံ ဖုန်း-၀၁-၆၄၁၄၃၂၊ အေးသန်း ဖုန်း-၀၉-၅၄၀၁၅၃၄၊ သန်းအောင် ဖုန်း-၀၁-၂၉၀၆၇၇၊ တင့်တင့်သိန်း ဖုန်း-၀၉-၅၁၇၈၉၃၃၊ နီလာကျော် ဖုန်း-၀၉-၅၁၁၆၉၈၂၊ ကျော်မြင့်အောင် (နေပြည်တော်) ဖုန်း-၀၉-၈၇၂၃၂၇၉၊ မြင့်ဇော်(နေပြည်တော်) ဖုန်း-၀၉-၈၆၂၅၅၁၇၊ ကျော်ဦး(မန္တလေး) ဖုန်း-၀၂-၆၄၀၆၃နှင့် မီမီဝင်း(မန္တလေး) ဖုန်း-၀၉-၂၀၆၀၃၄၉ တို့သို့ ဆက်သွယ်ကြရန်နှင့် မြဝတီဘဏ် Account Number- S132A09294D မှတစ်ဆင့် အလှူငွေများ ထည့်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်ကို www.rit75-81.org တွင် ကြည့်ရှုနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဝန်ထမ်းအိမ်ရာများတွင် မိုးရာသီကာလ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် မေ ၂၄ ရက်က အဘိတ်ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

❖ **ကျောဖုံးမှ**

တိုင်းရင်းသားလူငယ်များအတွက် မူလတန်းကျောင်း ၈၈၈ ကျောင်း၊ အလယ်တန်းကျောင်း ၉၂ ကျောင်းနှင့် အထက်တန်းကျောင်း ၉၄ ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ နယ်စပ်ဒေသကျောင်းများ၌ ယခုစာသင်နှစ်တွင် ကျောင်းသားဦးရေ ၂၀၇၅၇၈ ကျော် ရှိလာပြီဖြစ်ကြောင်း။

နယ်စပ်ဒေသနေ တိုင်းရင်းသားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု Sustainable Development ရှိစေရန်အတွက် လူသားအရင်းအမြစ်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရန် အခွင့်အလမ်းနည်းပါးသည့် တိုင်းရင်းသားလူငယ်များ စရိတ်ငြိမ်း ပညာသင်ယူနိုင်ရေးအတွက် နယ်စပ်ဒေသတစ်လျှောက်တွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်း၊ စက်မှုလက်မှုသင်တန်းကျောင်း လေးကျောင်း၊ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၉ ကျောင်းကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်ရန် မျှော်မှန်းချက်ဖြင့် နယ်စပ်ဒေသမှ လူငယ်များအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ခိုင်မာတောင့်တင်းရန် မွေးထုတ်ပေးသော ရန်ကုန်နှင့်မန္တလေး ဒီဂရီကောလိပ်နှစ်ခုမှ သင်တန်းဆင်း ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိသူ ၁၀၆၈ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ရရှိသူ ၄၄၅ ဦး စုစုပေါင်း ၁၅၁၃ ဦးတို့သည် နိုင်ငံဝန်ထမ်းများအဖြစ် ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးတွင် တာဝန်ထမ်းဆောင်လျက် ရှိနေကြပြီကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်နေရပြီဖြစ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်တန်းတွင် ဝိဇ္ဇာဘာသာ ထူးချွန်ဆုရ ချင်းပြည်နယ် မင်းတပ်မြို့မှ ချင်းတိုင်းရင်းသား မောင်ယောလိန်း၊ သိပ္ပံဘာသာထူးချွန်ဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ရှမ်းတိုင်းရင်းသား မောင်ရဲနိုင်လင်းနှင့် အင်ဂျင်နီယာဘာသာထူးချွန်ဆုရ ရှမ်းပြည်နယ် နမ့်ဆန်မြို့မှ ပလောင်တိုင်းရင်းသား မောင်ထွန်းထွန်းလတ်တို့အား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများသည် သင်တန်းဆင်း ကျောင်းသားများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး သင်တန်းဆင်း ကျောင်းသားများနှင့် ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် သင်တန်းအောင်မြင်သူများမှာ ဝိဇ္ဇာဘွဲ့ ၂၁ ဦး၊ သိပ္ပံဘွဲ့ ၆၇ ဦး၊ အေဂျီတီအိုင်ဒီပလိုမာ ၄၂ ဦး စုစုပေါင်း ၁၃၀ ဖြစ်ပြီး ယင်းတို့အနက် ကချင်တိုင်းရင်းသား လေးဦး၊ ကဒူးတိုင်းရင်းသား တစ်ဦး၊ ကနန်းတိုင်းရင်းသား ငါးဦး၊ ကယားတိုင်းရင်းသား နှစ်ဦး၊ ကယန်းတိုင်းရင်းသား နှစ်ဦး၊ ကရင်တိုင်းရင်းသား သုံးဦး၊ ချင်းတိုင်းရင်းသား ၁၇ ဦး၊ ခမီတိုင်းရင်းသား သုံးဦး၊ တောင်ရိုးတိုင်းရင်းသား သုံးဦး၊ ဓနုတိုင်းရင်းသား ခြောက်ဦး၊ နာဂတိုင်းရင်းသား ၁၉ ဦး၊ ပလောင်တိုင်းရင်းသား ၁၆ ဦး၊ ပအိုဝ်း တိုင်းရင်းသား သုံးဦး၊ မွန်တိုင်းရင်းသား ငါးဦး၊ မြိုတိုင်းရင်းသား တစ်ဦး၊ ရခိုင်တိုင်းရင်းသား သုံးဦး၊ ရှမ်းတိုင်းရင်းသား ၂၉ ဦး၊ လီဆူးတိုင်းရင်းသား တစ်ဦး၊ လားဟူတိုင်းရင်းသား တစ်ဦး၊ 'ဝ'တိုင်းရင်းသား တစ်ဦး၊ အာခါတိုင်းရင်းသား တစ်ဦး၊ အင်းသား တိုင်းရင်းသား လေးဦး တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၄ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၃၃) အင်းလျားမြိုင်လမ်း အီတလီသံအမတ်ကြီးနေအိမ်၌ ကျင်းပသည့် အီတလီနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲသို့ တက်ရောက်လာသော လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဇနီးတို့အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E.Mr.Paolo Andrea Bartorelli ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အားကစားလေ့ကျင့်ရေးနှင့် ပညာသင်ကြားရေး ဟန်ချက်ညီညီ တိုးတက်မှုရရှိအောင် အစွမ်းကုန်ကြိုးစား

နေပြည်တော် ဇွန် ၄

သွေးသစ်လောင်းနိုင်မည့် ထူးချွန်သော မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရေး အထောက်အကူဖြစ်စေရန် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကို ၂၀၀၂ ခုနှစ် ဇွန် ၁ ရက်မှ စတင်ဖွင့်လှစ်ပေးခဲ့ရာ ယခုပညာသင်နှစ်တွင် ဒသမအကြိမ်သို့ ရောက်ရှိလာပြီ ဖြစ်ကြောင်း၊ ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အထိ အဖွဲ့ချုပ် အသီးသီးသို့ ပဏာမလက်ရွေးစင် ၃၆၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်တန်းအလိုက် နိုင်ငံ့လက်ရွေးစင်အဖြစ် နိုင်ငံတကာအားကစားပြိုင်ပွဲများသို့ ၂၇၈ ဦး ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့သည့် အနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယခု ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းတို့တွင် စုစုပေါင်း သင်တန်းသား ၄၁၉ ဦးနှင့် အားကစားနည်း ၁၅ မျိုးကို ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်းဖြင့် မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယနေ့ နံနက် ၁၀ နာရီတွင် မန္တလေးမြို့ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း အားကစားခန်းမ၌ ကျင်းပသည့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၏ ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ်အတွက် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် အားကစားလေ့ကျင့်ရေး၊ ပညာသင်ကြားရေး၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုမှအစ လစဉ်တစ်ဦးချင်း ထောက်ပံ့ကြေး ချီးမြှင့်သည်အထိ တာဝန်ယူအကုန်အကျခံ ဆောင်ရွက်လျက်ရှိသဖြင့် ကျောင်းမှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာသွားကြရန်၊ အားကစားလေ့ကျင့်ရေးနှင့် ပညာသင်ကြားရေးကိုလည်း အာရုံစူးစိုက်ကာ ဟန်ချက်ညီညီ တိုးတက်မှုရရှိစေရေးအတွက် လေးလေးနက်နက် အစွမ်းကုန်ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်ပေါ်လာရေး ကြိုးစား ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စေတနာရှင်များက အလှူငွေ ပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ACE ဆောက်လုပ်ရေးကုမ္ပဏီ ဒုတိယဥက္ကဋ္ဌဦးစံကိုကိုတင့်ဆန်း- ဒေါ်မိုးနွယ်ဦးတို့က ငွေကျပ်သိန်း ၁၅၀၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင် ဦးရွှင်ချောက် (AAA)ဘိလပ်မြေစက်ရုံက ငွေကျပ် ၁၀ သိန်းနှင့် ကျန်အလှူရှင် ၁၀ဦးတို့က ငွေကျပ် ၂၇သိန်း ၅ သောင်းတို့ကို ပေးအပ်လှူဒါန်းကြပြီး ပြည်ထောင်စုဝန်ကြီးက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အားကစားနည်းအလိုက် နည်းပြနှင့် ဆရာ၊ ဆရာမများအား တွေ့ဆုံမှာကြားပြီး သင်တန်းသား အိပ်ဆောင်များ၊ လေ့ကျင့်ရေးကွင်းများနှင့် အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေး သင်တန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၆-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo
ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလာသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "အပေါင်းမှန်ကန်အကောင်းကျန် ဇေကန်လူ့အောင်ပွဲ" တရားတော်
၆း၃၅ ဖူးမည်အမှန့်. . . ထူးမည်ဇကန် . . . မာရ်ငါးမာရ်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၅)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၃)**
၈း၅၀ အောင်မြင်မှုတို့ဖော်ညွှန်းရာ. . . ချင်းတွင်း college မှာ
၉း၀၅ Activities In The City
၉း၂၅ ပန်းချီပြခန်း
၉း၃၀ Sunday Talk
(SS ခင်မောင်အေး၊ မျိုးမြတ်သူ)
၁၀း၀၅ သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
၁၀း၃၀ ဗီဒီယိုပြခန်း
၁၀း၅၀ ဈေးဝယ်လမ်းညွှန်
၁၁း၂၅ Sports Diary
၁၁း၅၅ ဗန်ကောက်မြေမှ ဝေ့ဌာနီ
၁၂း၄၀ မွှေးရနံ့တို့ဖြင့် ထုံမွှမ်းအပ်သော
၁း၀၀ "အပေါင်းမှန်ကန်အကောင်းကျန် ဇေကန်လူ့အောင်ပွဲ" တရားတော်
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း
၃း၁၅ Core Lens လက်စွပ်ကို ဝတ်ဆင်လေသောအခါ
၃း၃၀ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
၃း၄၅ ကြည်နူးမြတ်နိုးဖွယ် အလှအပများစုဝေးရာ ပဒုမ္မာ
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၃)**
၄း၅၅ FMF Selection
၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
၆း၀၀ MRTV-4 သတင်း
၆း၂၀ Global Panorama
၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၆)**
၇း၃၀ သွားမယ်စားမယ်
၈း၀၀ MRTV-4 သတင်း
၈း၃၀ Kid's Show
၉း၀၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၄)**
၁၀း၂၀ ၂၀၁၁ ခုနှစ် မြန်မာ-တရုတ် နယ်စပ်ကုန်စည်ပြပွဲ (မူဆယ်)
၁၀း၄၀ ချန်ပီယံလိဂ်ရင်ခုန်သံ
၁၁း၀၅ သဘာဝဝန်းကျင်ထိန်းသိမ်းရေး ပညာပေးပြခန်း
၁၁း၁၅ နုယဉ်ဆန်းထွင်ပန်းအလှဆင်
၁၁း၄၅ ကန္ဒရဝတီ၏ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့
၁၁း၅၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ
၁၂း၂၀ ဇီးအိုရွာနှင့် သဘာဝအင်ကြင်းတော
၁၂း၃၀ လှပသစ်ဆန်းအလှပြင်ခန်း
၁၂း၅၀ ဓနုရိုးရာအစားအစာ စားချင်ဖွယ်ရာ ဟင်းထုပ်ပါ
၁း၀၀ စွဲမက်ဖွယ်ရာရတနာ
၁း၂၅ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁း၃၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
၂း၀၀ ဒို့တိုင်းဌာနီဧရာဝတီ
၂း၃၀ လှေလာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
၂း၅၅ အသွင်ပြောင်းစေမည့် Fiber Tech
၃း၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄း၀၀ Rainforest Homeland
၄း၃၀ သုဝဏ္ဏဘူမိမြို့ဟောင်းမှ ကြည်ညိုဖူးမြော်ကျိုက်တလန်းစေတီတော်
၅း၀၀ အစီအစဉ်ပြီး။

စိုက်ပျိုးရေးအခြေခံစားသောက်ကုန်များ ပြသ

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ကြီးမှူး၍ ဒုတိယအကြိမ် မြန်မာ့စားသောက်ကုန်စည်ပြပွဲကို ဇွန် ၃ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည်။

မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် စိုက်ပျိုးရေးအခြေခံစားသောက်ကုန်များအား တစုတစည်းတည်း နိုင်ငံတကာအဆင့်မီ ပြသနိုင်ရန်နှင့် စိုက်ပျိုးရေးအခြေခံစားသောက်ကုန်များကို ပိုမိုသိရှိစေရန်၊ ဈေးကွက်ချဲ့ထွင်နိုင်ရန်နှင့် ထုတ်လုပ်မှု နည်းပညာများနှင့် ခေတ်မီစက်ကိရိယာများ၏ နည်းပညာအဆင့်အတန်းများကို လေ့လာပြီး ထုတ်ကုန်များ၏ စံချိန်စံနှုန်းများမြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် ပြသခြင်းဖြစ်သည်။ ပြပွဲတွင် ပြခန်းပေါင်း ၁၀၀ ကျော်ခန့် ခင်းကျင်းပြသထားသည်။

အဆိုပါပြပွဲတွင် ငွေသဇင်မင်းမြေပဲဆီသန့်လည်း ပါဝင်ပြသသည်။ ထွန်းတောက်နိုင်ကုမ္ပဏီလီမိတက်မှ အထူးထုတ်လုပ်ရောင်းချလျက်ရှိသည့် ငွေသဇင်မင်းမြေပဲဆီသန့်သည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန၏ ထောက်ခံချက်ရရှိထားပြီး လူမျိုးဘာသာမရွေး စားသုံးနိုင်ရန် ဟာလာအမှတ်တံဆိပ်ကိုလည်း တရားဝင်ရရှိထားပြီးဖြစ်သည်။ **(အောက်ပုံ)** (ကြေးမုံ)



ဇမ္ဗူသီရိမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

နေပြည်တော် ဇွန် ၄

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန် ပေးအပ်ပွဲအခမ်းအနားကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ဇမ္ဗူသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရည်မွန်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ဆိုင်ရာများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဂီတအစည်းအရုံး ဥက္ကဋ္ဌ ပျဉ်းမနားစောမြင့်ကို၊ ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ အတွင်းရေးမှူး ဦးအောင်မြတ်သူနှင့် အမှုဆောင်ကော်မတီဝင်များပါဝင်သော မြို့နယ်ဂီတအစည်းအရုံး အမှုဆောင်ကော်မတီ ခန့်အပ်လွှာကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဘဏ္ဍာရေးမှူး ဦးနီက ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှုးယစ်ကင်းစင် အလှဆင်

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ဆိုင်ကယ်နောက်မှ လူပြုတ်ကျ ဆေးရုံအရောက် အသက်ပျောက်

ရေစကြို ဇွန် ၄

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပခုက္ကူ-ရေစကြို ကားလမ်း မိုင်တိုင်အမှတ်(၁၆)နှင့် (၁၆/၁) အကြား ဆင်ချောင်းရွာ မြောက်ဘက် ရေကျော်တွင် မေ ၂၅ ရက် က တောင်မှ မြောက်သို့ မစိုးစိုးစမ်း (၃၀)နှစ် မောင်းနှင်စီးနင်းလာသည့် FEILING-110 အမျိုးအစား ဆိုင်ကယ်နောက်တွင် လိုက်ပါလာသော မိခင်ဖြစ်သူ ဒေါ်သန်းဆွေ (၅၃)နှစ်မှာ ဆိုင်ကယ်ပေါ်မှ ပြုတ်ကျပြီး ဦးခေါင်းနောက်စေ့တွင် ဖူးရောင်ဒဏ်ရာရရှိသဖြင့် ပခန်းကြီး တိုက်နယ်ဆေးရုံမှတစ်ဆင့် ပခုက္ကူမြို့ ပြည်သူ့ဆေးရုံသို့ လွှဲပြောင်း၍ ဆေးဝါးကုသမှုခံယူစဉ် သေဆုံးသွားခဲ့သည်။

ဆိုင်ကယ်မောင်းသူ မစိုးစိုးစမ်းအား ပခန်းကြီး ရဲစခန်းက(ပ)၁၅၁/၂၀၁၁၊ ပြစ်မှုပုဒ်မ-၃၀၄(က)အရ အရေးယူထားကြောင်း သိရှိရသည်။

(၃၇၄)

ပဲခူးမြို့၌ စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးအရေးယူ

ပဲခူး ဇွန် ၄

ပဲခူးမြို့တွင် စည်းကမ်းမဲ့ စီးနင်းမောင်းနှင်နေကြသော မော်တော်ဆိုင်ကယ်များအပါအဝင် အခြား မော်တော်ယာဉ်ကြီး၊ ငယ်များနှင့် ပတ်သက်၍ သက်ဆိုင်ရာများမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောခြင်း၊ စည်းကမ်းပျက် ယာဉ်များကို ရှောင်တခင် စစ်ဆေးအရေးယူခြင်းများ ပြုလုပ်လျက်ရှိသည်။

ယခုအခါ ကျောင်းဖွင့်ရာသီသို့ ရောက်ရှိလာသဖြင့် ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် အများပြည်သူတို့ ယာဉ်အန္တရာယ်ကင်းရှင်းပြီး စိတ်ချစွာ သွားလာနိုင်ရေးအတွက် ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ ယာဉ်ထိန်းဌာနမှ ဒုတိယရဲမှူးဝင်းညွန့်၏ အနီးကပ်ကြီးကြပ်မှုဖြင့် စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်များကို စစ်ဆေးအရေးယူရန် ယာဉ်ထိန်းအဖွဲ့၊ ရဲတပ်ဖွဲ့၊ (မထသ)အဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပါဝင်သော စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရေးအဖွဲ့သည် နယ်မြေခံရပ်ကွက်အုပ်ချုပ်ရေးမှူးများ၏ လိုက်ပါ ကူညီမှုဖြင့် မေ ၂၄ ရက်မှ ၃၁ ရက် အတွင်း စည်းကမ်းမဲ့ မော်တော်ဆိုင်ကယ်များအား နေရာများခွဲပြီး ဖမ်းဆီးစစ်ဆေးခဲ့ရာ စည်းကမ်းမဲ့ဆိုင်ကယ်ပေါင်း ၅၅၃ စီး ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ဆက်လက်၍ စည်းကမ်းပျက် မော်တော်ဆိုင်ကယ်များကို စစ်ဆေးအရေးယူလျက်ရှိကြောင်း သိရှိရသည်။

(နေထက်ဝင်း)

မြို့သစ်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

မြို့သစ် ဇွန် ၄

မြို့သစ်မြို့ စာတိုက်လမ်းဘေးဝဲ၊ ယာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းအား ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ အင်အား ၂၅၀ ဖြင့် စုပေါင်း သန့်ရှင်းရေးပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပြည်တွင်းအားကစားသတင်းများ

နောက်ဆုံးမိနစ်ဂိုးနှင့် ရန်ကုန်ယူနိုက်တက်နိုင်ပွဲရ အဝေးကွင်းတွင် ကမ္ဘောဇကို ရောဝတီအနိုင်ယူ

ရန်ကုန် ဇွန် ၄

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၁၀) ပထမနေ့ ပွဲစဉ်များကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၊ တောင်ကြီးမြို့ရှိ KBZ ကွင်း၊ မုံရွာမြို့ရှိ မုံရွာကွင်းနှင့် မန္တလေးမြို့ရှိ ဗထူးကွင်းတို့၌ တစ်ပြိုင်နက် ကျင်းပသည်။

(သုဝဏ္ဏကွင်း)

ရန်ကုန်ယူနိုက်တက် - တစ်ဂိုး

(အလက်ဇန်ဂျလို)

မနောမြေ - ဂိုးမရှိ

ရန်ကုန်ယူနိုက်တက်အသင်းမှာ အနိုင်ရရှိရန် ခက်ခက်ခဲခဲ ကြိုးစားကစားခဲ့ရပြီး ပွဲပြီးခါနီးနောက်ဆုံးမိနစ်တွင် ရရှိသောဂိုးဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အသင်းမှာ ပွဲချိန်ပြည့်နီးပါးဖိကစားနိုင်ခဲ့သော်လည်း တိုက်စစ်မှူးများဖြစ်သည့် ဂျူဗီနယ်၊ ချာလက်စ်အိုဘီနှင့် ရာဇာဝင်းသိန်းတို့ အပိုင်အခွင့်အရေးများ လွဲချော်ခဲ့၍ အနိုင်ရရှိရန်ရုန်းကန်ခဲ့ရခြင်းဖြစ်သည်။ ဇေယျာရွှေမြေကို အနိုင်ကစားနိုင်ခဲ့၍ စိတ်ဓာတ်တက်နေသည့် မနောမြေ F.C မှာ ရန်ကုန်အသင်းထံမှ သရေတစ်မှတ်ရရန် ကြိုးစားခဲ့သော်လည်း နာကျင်အချိန်ပိုခြောက်မိနစ်၏ နောက်ဆုံးမိနစ်တွင် အလက်ဇန်ဂျလိုကန်သွင်းသော ပြစ်ဒဏ်ဘောကို ခွင့်ပြုခဲ့ရသဖြင့် ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

(မုံရွာကွင်း)

ဇေယျာရွှေမြေ - နှစ်ဂိုး

(ကျော်ကိုကို)

နေပြည်တော် - ဂိုးမရှိ

ပွဲပယ်ခံထားရသည့် ဒီယေဂိုမှလွဲ၍ ဇေယျာရွှေမြေတို့ လူစုံထုတ်ခဲ့ပြီး နိုင်ပွဲရရှိရေးကြိုးစားခဲ့သည်။ ပထမပိုင်း ၁၅ မိနစ်လောက်သာ နေပြည်တော်တို့ ဇေယျာရွှေမြေကို ဖိအားပေးနိုင်ခဲ့ပြီး နောက်ပိုင်းတွင် ဇေယျာရွှေမြေက ပွဲကို စိုးမိုးသွားသည်။ အနိုင်ဂိုးများကို ကျော်ကိုကိုက ၂၂ မိနစ်နှင့် ၇၃ မိနစ်တို့တွင် သွင်းယူခဲ့သည်။

(KBZ ကွင်း)

ဧရာဝတီယူနိုက်တက် - တစ်ဂိုး

(မင်းမင်းသူ)

ကမ္ဘောဇ - ဂိုးမရှိ

၇၁ မိနစ်တွင် ကွင်းလယ်လူမင်းမင်းသူ သွင်းသောဂိုးဖြင့် အဝေးကွင်းတွင် ဧရာဝတီတို့ နိုင်ပွဲရရှိခဲ့ပြီး ကိုးပွဲဆက်ရှုံးပွဲမရှိစံချိန်ကိုလည်း ဆက်ထိန်းနိုင်ခဲ့သည်။ ကမ္ဘောဇအတွက် ပထမဆုံး အိမ်ကွင်းအရှုံး ဖြစ်ပြီး နှစ်ပွဲဆက်နိုင်ပွဲပျောက်ခဲ့ရခြင်းလည်း ဖြစ်သည်။

(ဗထူးကွင်း)

ရတနာပုံ - ခြောက်ဂိုး

(အက်စလေ-သုံးဂိုး၊ ထူးထူးအောင်နှင့် ဟိန်းသီဟဇော်၊ ဇွဲကပင်မှသိန်းဇော်-ကိုယ့်ဂိုးကိုယ်သွင်း)

ဇွဲကပင်ယူနိုက်တက် - ဂိုးမရှိ

ယနေ့ပွဲ

(အောင်ဆန်းကွင်း)

မကွေး - Southern Myanmar

(သုဝဏ္ဏကွင်း)

ရက္ခပူရယူနိုက်တက်-ဥဿာယူနိုက်တက်

သတင်းမှတ်စုနှင့်ဓာတ်ပုံ
ဖိုးသော်ဇင်

ရန်ကုန်ယူနိုက်တက်မှ ရာဇာဝင်းသိန်း မနောမြေ F.C ဘက်သို့ ထိုးဖောက်နေစဉ်။

ပထမအကြိမ် အာရှရိုးရာလှေလှော်ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင်လှေလှော်အသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၄

၂၀၁၁ ခုနှစ် မေ ၂၉ ရက်မှ ဇွန် ၃ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းပြည်နယ် ဖန်ချင်ကန်မြို့၌ ကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ် ပထမအကြိမ် အာရှရိုးရာလှေလှော်ပြိုင်ပွဲတွင် ပထမရွှေတံဆိပ်ဆုရရှိခဲ့သော အောင်ပွဲရ မြန်မာ့လက်ရွေးစင်လှေလှော်အသင်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။**(အောက်ပုံ)**

အောင်ပွဲရ မြန်မာ့လက်ရွေးစင်လှေလှော်အသင်းအား အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ လှေလှော်အားကစားသမားများနှင့် မိဘဆွေမျိုးများက ကြိုဆိုနှုတ်ဆက်ကြသည်။

မီတာ ၁၀၀၀ အမျိုးသားရိုးရာလှေ (၂၁)တက်ပြိုင်ပွဲတွင် မြန်မာ့ရိုးရာလှေလှော်အသင်းက ပထမ(ရွှေတံဆိပ်)ဆုရရှိပြီး ကွမ်ရှီးကျွမ်းပြည်နယ် (ဖန်ချင်ကန်ကွိရှာအသင်း)က ဒုတိယဆုနှင့် ဟောင်ကောင်အသင်းက တတိယဆု) ရရှိကြသည်။

ပြိုင်ပွဲတွင် ကမ္ဘောဒီးယား၊ စင်ကာပူ၊ ကနေဒါ၊ ဟောင်ကောင်၊ မြန်မာ၊ တိုင်ပေ၊ ကွမ်တုံပြည်နယ်အသင်းနှင့် ကွမ်ရှီးကျွမ်းပြည်နယ်မှ ၁၁သင်း၊ ဗီယက်နမ်မှ ၃ သင်း စုစုပေါင်း ၂၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စစ်တုရင်ဒိုင်လူကြီးသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇွန် ၄

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ပြည်တွင်း ဒိုင်လူကြီး (National Arbiter) အဆင့်မြှင့်တင်ရေးသင်တန်းကို ဩဂုတ်လတွင် ဖွင့်လှစ်မည်ဖြစ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စစ်တုရင်ဒိုင်လူကြီးများ၊ အဆင့်မြင့်စစ်တုရင် အားကစားသမားများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်ရုံး ဖုန်း-၀၁-၃၇၅၅၇၃ သို့ ဇွန် ၃၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

၎င်းသင်တန်းမှ အရည်အချင်းပြည့်မီအောင်မြင်သူများသည် ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံတွင်ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အပြည်ပြည်ဆိုင်ရာ ဒိုင်လူကြီးများ ပေါ်ထွက်လာစေရန် စီစဉ်ထားသည့် အပြည်ပြည်ဆိုင်ရာစစ်တုရင်ဒိုင်လူကြီးသင်တန်း (Arbiter Seminar) သို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ စစ်တုရင်ဒိုင်လူကြီးသင်တန်းအား ကမ္ဘာ့စစ်တုရင် ချန်ပီယံဗိုလ်လုပွဲကြီးများ၊ ကမ္ဘာ့စစ်တုရင် အိုလံပစ်ပြိုင်ပွဲကြီးများ အပါအဝင် ကမ္ဘာ့ထိပ်တန်းစစ်တုရင်ပြိုင်ပွဲကြီးများ၌ ဒိုင်ချုပ်အဖြစ် အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သည့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်မှ အဆင့်မြင့်ဝါရင့် အပြည်ပြည်ဆိုင်ရာ စစ်တုရင်ဒိုင်လူကြီး (International Arbiter) နှစ်ဦးက လာရောက်ပို့ချမည်ဖြစ်သည်။ (ကြေးမုံ)

အိုလံပစ်နေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၄

၂၀၁၁ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် (၁၆)ကြိမ်မြောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇွန် ၂၄ ရက်မှ ၃၀ ရက်အထိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲရုံ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ဆုကြေးများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲ၌ အမျိုးသား(အလွတ်တန်း/လူသစ်တန်း) အဖွဲ့လိုက်ပြိုင်ပွဲများတွင် ပထမဆုကြေး ငွေကျပ်နှစ်သိန်း၊ ဒုတိယဆုကြေး ငွေကျပ်တစ်သိန်းခွဲ၊ တတိယဆုကြေး ငွေကျပ် တစ်သိန်း၊ အမျိုးသား (အလွတ်တန်း/လူသစ်တန်း) နှစ်ယောက်တွဲပြိုင်ပွဲများတွင် ပထမဆုကြေး ငွေကျပ်တစ်သိန်းခွဲ၊ ဒုတိယဆုကြေး ငွေကျပ်တစ်သိန်း၊ တတိယဆုကြေး ငွေကျပ် ၇၅၀၀၀၊ အမျိုးသမီး အလွတ်တန်း အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုကြေး ငွေကျပ်တစ်သိန်းခွဲ၊ ဒုတိယဆုကြေး ငွေကျပ်တစ်သိန်း၊ အမျိုးသမီး အလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုကြေး ငွေကျပ်တစ်သိန်းနှင့် ဒုတိယဆုကြေးငွေကျပ် ၇၅၀၀၀ အသီးသီး ချီးမြှင့်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းတိုင်းသည် ပြိုင်ပွဲဝင်ဝတ်စုံပြည့်ဖြင့် ရိုက်ကူးထားသော အသင်းလိုက်ဓာတ်ပုံတစ်ပုံကို ပြိုင်ပွဲဝင်ခွင့် လျှောက်လွှာပုံစံနှင့်အတူ ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ ပြိုင်ပွဲကျင်းပရေးကော်မတီသို့ ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲရေးလုပ်ငန်းနှင့် အသင်းအုပ်ချုပ်သူများ အစည်းအဝေးကို ဇွန် ၂၂ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်းများ

ယူရို ၂၀၁၂ ခြေစစ်ပွဲများ ပြန်လည်ကျင်းပ ဂျာမနီနှင့် အီတလီတို့ နိုင်ပွဲအသီးသီးရရှိ

မြူးနစ် ဇွန် ၄

ယူရို ၂၀၁၂ ခြေစစ်ပွဲများကို ဇွန် ၃ ရက် (သောကြာနေ့) ညတွင် ကျင်းပခဲ့ရာ ဂျာမနီ၊ အီတလီ၊ ရိုမေးနီးယား၊ ဆွီဒင်နှင့် ခရိုအေးရှားအသင်းတို့ နိုင်ပွဲရရှိခဲ့ပြီး ဘီလာရုစ်နှင့် ပြင်သစ်တို့ပွဲမှာ သရေဖြင့် ပြီးဆုံးခဲ့သည်။

ဩစတြေးလျ-ဂျာမနီ(၁-၂)

အုပ်စု(A)မှ ဩစတြေးလျနှင့် ဂျာမနီတို့ပွဲမှာ ပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။ ဩစတြေးလျအသင်းတွင် ဂရတ်ဇ်၊ ဖလော်ရီယန်ကလင်း၊ ပေါ်လ်စချာနာ၊ အီမန်နူယယ်ပိုဂက်၊ ကူလိုဗစ်၊ ဒေးဗစ်အလာဘာ၊ မာတင်ဟာနစ်ခ်၊ ဟော်ဖာစသည့် အားကစားသမားများဖြင့် ပွဲထွက်လာခဲ့ပြီး ဂျာမနီအသင်းတွင် နူယာ၊ ဖိလစ်လမ်း၊ ဖရက်ဒရစ်၊ တိုနီကာရို့စ်၊ သောမတ်စ်မူလား၊ အိုဇေးလ်၊ ပိုဒေါစကီး၊ မာရီယိုဂိုမက်တို့ဖြင့် လူစုံပါဝင်ခဲ့ သည်။ ပွဲချိန် ၄၄ မိနစ်တွင် မာရီယို ဂိုမက်က အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ သို့သော် ပွဲချိန် မိနစ် ၅၀ တွင် ဂျာမနီနောက်တန်းမှ ဖရက်ဒရစ် ကိုယ့်ဂိုးကိုယ်သွင်းမိ၍ တစ်ဂိုးစီသရေကျသွားသည်။ နောက်ဆုံးပွဲအချိန် မိနစ် ၉၀ တွင် မာရီယိုဂိုမက်က ဂျာမနီအတွက် အနိုင်သေချာစေမည့်ဂိုးကို ထပ်မံ သွင်းယူပေးခဲ့သည်။ ထို့ကြောင့် ဂျာမနီအသင်းအနေဖြင့် ခြောက်ပွဲကစားထားပြီး ရမှတ် ၁၈ မှတ်ဖြင့် အုပ်စု (A) တွင် ဦးဆောင်နေဆဲဖြစ်သည်။

အီတလီ-အစ်တိုနီးယား (၃-၀)

အုပ်စု(C)မှ အီတလီနှင့် အစ်တိုနီးယားတို့ပွဲတွင် အိမ်ရှင်အီတလီအသင်း၏ ပထမပွဲထွက်လူစာရင်းတွင် ဘတ်ဖွန်၊ ချီလီနီ၊ ပီယာလို၊ အက္ကွီလာနီ၊ ကာဆာနို၊ မွန်တိုလီဗိုနှင့် ရော့စီတို့ ပါဝင်ခဲ့သည်။ အီတလီအသင်းမှာ ဂိုးကန်သွင်းခွင့် အများအပြားရရှိခဲ့သော်လည်း အစ်တိုနီးယားဂိုးသမား လက်စွမ်းပြ ကာကွယ်သွားနိုင်ခဲ့သည်။ အီတလီအတွက် ဂိုးများကို ပွဲချိန် ၂၁ မိနစ်တွင် ရော့စီ၊ ၃၉ မိနစ်တွင် ကာဆာနိုနှင့် နောက်ဆုံးဂိုးကို ကာဆာနိုအစား လူစားလဲဝင်ရောက်လာသည့် ပက်ဇီနီက ပွဲချိန် ၆၈ မိနစ်တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အီတလီအသင်းမှာ ခြောက်ပွဲကစားထားပြီး ရမှတ် ၁၆ မှတ်ဖြင့် အုပ်စုကိုဦးဆောင်နေသည်။

အခြားပွဲစဉ်ရလဒ်များ

ကာဇက်စတန် ၂-၁ အဇာဘိုင်ဂျန်

ဖာရိုးကျွန်းစု ၀-၂ ဆလိုဗေးနီးယား

လက်ချင်စတိန်း ၂-၀ လစ်သူရေးနီးယား

ခရိုအေးရှား ၂-၁ ဂျော်ဂျီယာ

ရိုမေးနီးယား ၃-၀ ဘော့စနီးယား

မော်ဒိုဗာ ၁-၄ ဆွီဒင်

ဆန်မာရီနို ၀-၁ ဖင်လန်

ဘယ်လ်ဂျီယံ ၁-၁ တူရကီ

ဘီလာရုစ် ၁-၁ ပြင်သစ်

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ၏ အာဖရိကအကောင်းဆုံး ၁၁ ဦး

လန်ဒန် ဇွန် ၄

၂၀၁၀-၂၀၁၁ ဘောလုံးရာသီ၏ ဥရောပရောက် အာဖရိကနေရာအလိုက် အကောင်းဆုံးကစားသမား ၁၁ ဦး စာရင်းပေါ်ထွက်လာခဲ့သည်။ ထိုကစားသမားများသည် အင်္ဂလန်၊ စပိန်၊ အီတလီ၊ ပြင်သစ်၊ ဂျာမနီနှင့် အခြားဥရောပနိုင်ငံများတွင် ကစားနေသည့် ကစားသမားများဖြစ်သည်။ **(ဝဲပုံ)**

အဆိုပါ ၁၁ ဦးမှာ ဂိုး-ကာလို့စ်ကာမင်နီ (အက်စ်ပန်ညို/ကင်မရွန်း)၊ နောက်တန်း-ဆမ်အင်ကွန်း(ဒင်နီပရို/ဂါနာ)၊ ဘင်နာတီနာ (အူဒီးနီး/မော်ရော့ကို)၊ ဂါရင်ဟက်ဂိုင် (ဟမ်နိုဗာ ၉၆/တူနီးရှား)၊ အီကော့တို (စပါး/ကင်မရွန်း)၊ အလယ်တန်း-အင်ဒရီ ဒီဒီအယော(မာဆေးလ်/ဂါနာ)၊ ယာယာတိုရေး(မန်စီးတီး/အိုင်ဗရီကို့စ်)၊ကီတာ (ဘာစီလိုနာ/မာလီ)၊ ဂါဗင်ဟို (လိုင်လီ/ အိုင်ဗရီကို့စ်)နှင့် ရှေ့တန်း-ဒမ်ဘာဆစ်စီ (ဖရန့်ဘတ်/ဆီနီဂေါ)၊ အီတူး(အင်တာ မီလန်/ကင်မရွန်း)တို့ ဖြစ်ကြသည်။ ***ESPN။***

ဖရီဒယ်လ်ကို စပါးအသင်းခေါ်ယူ

လန်ဒန် ဇွန် ၄

ယူရိုပါလိဂ်ဝင်ခွင့်ရရှိထားသည့် စပါးအသင်းသည် ဗီလာအသင်းမှ အမေရိကန်ဂိုးသမား ဘရတ်ဖရီဒယ်လ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ပြီဟု သိရသည်။

စပါးအသင်းသည် အဆိုပါ အသက်(၄၀)ရှိ အမေရိကန်သားနှင့် နှစ်နှစ်သက်တမ်းရှိစာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၁၀-၂၀၁၁ ဘောလုံးရာသီက စပါးအသင်း၏ နံပါတ် (၁) ဂိုးသမားဖြစ်ခဲ့သူ ဂိုမက်စ်မှာ ပီအက်စ်ဗွီအသင်းမှ ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်တွင် စပါးအသင်းသို့ ဖရီဒယ်လ် ရောက်လာမည်ဖြစ်ခြင်းကြောင့် ဘရာဇီးသား ဂိုမက်စ်မှာ အသင်းပြောင်းရန် ပြင်ဆင်နေပြီဟု ဆိုသည်။ အီတလီနိုင်ငံသား ကူဒီချီနီမှာမူ ပြီးခဲ့သည့်လကပင် စပါးအသင်းနှင့် စာချုပ်သက်တမ်းတိုးနိုင်ခဲ့ပြီဖြစ်၍ အသင်းတွင် ဆက်ရှိနေရန် သေချာသွားပြီဖြစ်သည်။ စပါးအသင်းတွင် ဖရီဒယ်လ်၊ ဂိုမက်စ်နှင့် ကူဒီချီနီ စသည့် ထိပ်တန်းဂိုးသမား သုံးဦးရှိနေ၍ အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် ဂိုမက်စ်မှာ အသင်းဟောင်း ပီအက်စ်ဗွီသို့ ပြန်လည်ပြောင်းရွှေ့ဖွယ်ရှိနေသည်။ ***ESPN။***

ဟန်သစ်

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက်
စက္ကူ၊ မင်၊ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများ ဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အောက်ဖော်ပြပါ စက္ကူ၊ မင်၊ ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ယှဉ်တွဲပါ အရေအတွက်များအတိုင်း ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(1)	Newsprint Paper (48.8 Gsm) (28¼", 30", 34")	2000 MTs
(2)	Woodfree Paper {(27"x34")(60gsm),31"x43"(70gsm),23½"x33"(A1)70gsm 23½"x 33" (A1) (100 gsm)}	12 MTs
(3)	(a) Art Card	
	(1) A1 (260 gsm)	10 MTs
	(2) A1 (205 gsm)	5 MTs
	(3) Crome Coated (270 gsm) (A1)	5 Reams
	(b) Others Paper	
	(1) MG Pressing (205 gsm) 31"x43"(Green)	5 MTs
	(2) Colour Pulp Board 22"x29" (210 gsm) (Dark Pink)	50 Reams
	(3) Colour Pulp Board 31"x43" (196 gsm) (Light Blue)	20 Reams
	(4) Colour Pulp Board 22"x29" (200 gsm) (Pink)	10 Reams
	(5) White Pulp Board A1 (200 gsm)	35 Reams
	(6) Minifold 18"x23" (45 gsm) (Green)	75 Reams
	(7) Minifold 18"x23" (45 gsm) (Pink)	75 Reams
	(8) Minifold 18"x23" (45 gsm) (Yellow)	75 Reams
	(9) Minifold 18"x23" (45 gsm) (Blue)	75 Reams
(4)	Sheetfed Offset Ink	
	(a) Green (5 kg/Tin)	1000 Kgs
	(b) Gold (1 Kg/Tin)	15 Kgs
(5)	Imagesetter Film	
	(a) Fuji Film (45.9 cm x 61 m)	6 Rolls
	(b) Blue Print Paper	15 Rolls
(6)	Plate & Chemicals	
	(a) Negative Plate	
	(1) 915 x 626 x 0.3mm	6000 Shts
	(2) 1035x 740 x 0.3mm	300 Shts
	(3) 650 x 550 x 0.3mm	100 Shts
	(b) Positive Plate(1065 x 785 x 0.3mm)	400 Shts
	(c) Wipe On Developer & Others	
	(1) Gum Solution(5Lit/Bot)	60 Bots
	(2) Fountain Solution(5Lit/Bot)	60 Bots
	(3) Plate Cleaner(1Lit/Bot)	30 Bots
	(4) Positive Plate Cleaner(1Lit/Bot)	30 Bots
	(5) Gum Arabic(5Lit/Bot)	30 Bots
(7)	Stiching Wire	
	(a) 23 Guage (2 Kg)	1500 Coils
	(b) 24 Guage (2 Kg)	100 Coils
	(c) 22 Guage (5 Kg/Coil)	100 Coils
(8)	ပုံနှိပ်ရေးပစ္စည်းများ	
	(a) Master Roll(RA)	10 Rolls
	(b) Rubber Blankets	
	(1) 889 x 626 x 1.63mm	8 Shts
	(2) 915 x 610 x 1.9mm	20 Shts
	(3) 915 x 636 x 1.9mm	30 Shts
	(c) Rubber Blanket(With T-Bar)	
	(1) 760 x 780 x 1.95mm	20 Shts
	(2) 840 x 865 x 1.96mm	15 Shts
	(3) 785 x 740 x 1.96mm	20 Shts
	(4) 889 x 626 x 1.96mm	50 Shts
	(d) Dampaning Roller Hose	
	(1) 160 mm (25 m)	3 Coils
	(2) Dampaning Roller Hose 3 ¾"(Orient)	2 Coils
	(3) Dampaning Roller Hose 3"(NBG 423)	2 Coils
	(4) Duplicator JP-755 Master Roll(CPMT 21)	15 Rolls
	(5) Duplicator JP-755 Ink(CPI 10)	20 Ctgs
(9)	စက်အရန်ပစ္စည်းများ (စက်အရန်ပစ္စည်း ၉၄ မျိုး)	

၂။ တင်ဒါပေးသွင်းမှုကို ၂၀-၆-၂၀၁၁ရက် (၁၅း၃၀)နာရီတွင်ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄



ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် နိုင်ငံခြားငွေဖြင့် စက်ပစ္စည်းများကို အောက်ပါအတိုင်းဝယ်ယူလိုပါသည်-

(က) 100KW MW Transmitter - 1 Set
(ခ) 50KW SW Transmitter - 1 Set
(ဂ) 3KW UHF TV Transmitter System - 1 Set
(ဃ) 1KW UHF TV Transmitter System - 1 Set
(င) အသံလွှင့်လုပ်ငန်းသုံးပစ္စည်းများ၊ ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများ - ၇ မျိုး
(စ) 200 Meter Tower တင်သွင်းတပ်ဆင်ခြင်း

၂။ တင်ဒါပေးသွင်းမှုကို ၂၄-၆-၂၀၁၁ရက်(၁၅း၃၀)နာရီတွင်ပိတ်ပါမည်။
၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့ရုပ်ရှင်လုပ်ငန်း
အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၃၆၀၂၉၊ ၅၃၄၅၇၄

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက်
လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်။

(က) Aircon - (၄)မျိုး
(ခ) Generator - (၈)မျိုး
(ဂ) Battery - (၇)မျိုး
(ဃ) ဆိုင်ကယ် - (၂)မျိုး
(င) Inverter, Regulator, Battery Charger - (၃)မျိုး
(စ) Transformer - (၁)မျိုး
(ဆ) 1.5 KVA UPS & 20 KVA UPS - (၂)မျိုး
(ဇ) Fax Paper Roll - (၇၃၀၀)လိပ်
(ဈ) Fiber Mux - (၂)မျိုး
(ည) Fax Machine - (၅)မျိုး
(ဋ) Solar Power System For Radio Station - (၂၅)စုံ
(ဌ) Rectifier - (၃)မျိုး
(ဍ) လိုင်းပစ္စည်း - (၁၂)မျိုး
(ဎ) Telephone Test Equipment - (၅)မျိုး
(ဏ) Transmission Equipment - (၁၁)မျိုး
(တ) Manhole Frame & Cover, Cement, MS Rod - (၃)မျိုး

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး တင်ဒါပေးသွင်းမှုကို (၁၇-၆-၂၀၁၁)ရက်နေ့ (၁၃း၀၀)နာရီတွင် ပိတ်ပါမည်။
၃။ တင်ဒါပုံစံဝယ်ယူခြင်းနှင့် တင်ဒါခေါ်ယူသည့် ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

ပြည်တွင်းငွေဖြင့် စက်ပစ္စည်းများဝယ်ယူရေးနှင့်ဈေးနှုန်းစိစစ်ရေးကော်မတီ
(ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန)
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (ပစ္စည်းဌာန)
အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့
ဖုန်း ၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂

အရွယ်မရောက်သေးသောသူငယ်ကိုအုပ်ထိန်းသူလူကြီးအဖြစ်
ခန့်ထားရန်လျှောက်ထားကြောင်းအကြောင်းကြားစာ။
(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့ အက်ဥပဒေပုဒ်မ ၁၁)
ရန်ကုန်အရှေ့ပိုင်းခရိုင် တရားမရုံးတော်၌
၂၀၁၁ ခုနှစ် တရားမအထွေထွေမှုအမှတ်-၅၇

ဦးတင်လတ် **လျှောက်သူ**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ (၄)လမ်း၊ အမှတ်(၃၄) ရပ်နေအရွယ်မရောက်သေးသောလူငယ်နှင့် ၎င်းပိုင်သော ပစ္စည်းအကြောင်း။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ၄လမ်း၊ အမှတ်-၃၄ ရပ်နေ ဖခင်ဖြစ်သူ ဦးတင်လတ်က အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မအိန္ဒြာတင်လတ်၊ မဟန်နီတင်လတ်၊ မချယ်ရီတင်လတ် ဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို (၁) အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၁ခုနှစ်၊ ဇွန်လ ၃၀ ရက် (၁၃၇၃ ခုနှစ်၊ နယုန်လကွယ်)နေ့တွင် ဆိုင်ဆိုရန်ချိန်းချက်မူသည်။

၂၀၁၁ခုနှစ်၊ မေလ ၃၁ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်စိမ်းဝင်း(တ/၂၁၄၀)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အင်းစိန်စက်မှုလက်မှုသိပ္ပံ
အစားအစာနှင့်ဓာတုအင်ဂျင်နီယာ
ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ
(အနူးအညွတ်ပန်ကြားချက်)

၁၉၉၃ ခုနှစ်မှ ၂၀၀၀ ခုနှစ်အတွင်း အင်းစိန်စက်မှုလက်မှုသိပ္ပံ အစားအစာနှင့် ဓာတုအင်ဂျင်နီယာဌာန၌ ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇွန်လ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ သခင်မြပန်းခြံ Western Park N0.1တွင် ကျင်းပမည်ဖြစ်ပါသောကြောင့် အဝေးရောက်ဆရာ၊ ဆရာမကြီးများအား ဖိတ်စာဝေငှရန် လိပ်စာအခက်အခဲရှိနေပါသဖြင့် အောက်ပါ ကော်မတီဝင်များထံ အမြန်ဆုံးဆက်သွယ်ပေးကြပါရန် အနူးအညွတ် ပန်ကြားအပ်ပါသည်။

မှတ်ချက်-ကျောင်းသား၊ ကျောင်းသူများ သီးသန့် ဖိတ်စာမပို့။
ဆက်သွယ်ရန် ဖုန်း-အေးသန်း-၅၀၁၆၄၄ Ext;328၊ ကျော်ကျော်ထွေး ဖုန်း-၀၉ ၅၁၉ ၉၂၈၄၊ သီသီနွယ် ဖုန်း-၀၉ ၇၃၀ ၅၃၉၆၃၊ မေစိုးမွန် ဖုန်း-၀၉ ၅၁၉ ၆၂၉၁၊ ဖြူစင်ထွန်း ဖုန်း-၀၉ ၇၃၀ ၃၃ ၁၈၃၊ အောင်လွင်မျိုး ဖုန်း-၀၉ ၅၁၉ ၃၁၁၆၊ အေးချမ်းမိုး ဖုန်း-၀၉ ၇၃၁ ၁၇၉၁၄၊ အောင်မျိုးမင်း ဖုန်း ၀၁-၅၄၈၄၉၄

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
ပါမောက္ခချုပ်ဆရာတော်
ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသ၏
အထူးတရားပွဲ

နေ့ရက်။ ။ ၇-၆-၂၀၁၁ရက် မှ ၉-၆-၂၀၁၁ရက် (၃ ည)
နေရာ ။ ။ မင်္ဂလာဈေးမွှာရုံ၊ ကြားတောရလမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်
အချိန်။ ။ ညစဉ် (၇း၃၀)နာရီတိတိ





ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၂၄၂၊ ဧရိယာ ပေ(၄၀×၆၀)ကေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပင်းယ(၁၁)လမ်း၊ အမှတ်(၂၄၂)ဟုခေါ်တွင်သော နေအိမ်ကို ပိုင်ဆိုင်သူများဖြစ်သော ဦးသန်းဝင်း [၁၂/ဥကတ(နိုင်) ၁၉၇၆၆၈]+ ၄ ယောက်ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မျိုးသူဇာ (စဉ်-၃၃၁၅၉) ဒေါ်ဝင်းဝင်းထက် (စဉ်-၃၁၈၄၆)
အထက်တန်းရှေ့နေများ
အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၃၄၉၉

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များအတွက် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခဲ့

နယ်စပ်ဒေသကျောင်းများ၌ ယခုစာသင်နှစ်တွင် ကျောင်းသားဦးရေ နှစ်သိန်းကျော် ရှိလာပြီ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန နှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေး သိပ္ပံဘာသာထူးချွန်ဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ ရှမ်းတိုင်းရင်းသား မောင်ရဲနိုင်လင်းအား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်တို့ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၄

တိုင်းရင်းသားလူငယ်များ၏ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု Human resources နှင့် နယ်စပ်ဒေသများ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှု Infrastructure Development တို့သည် ပဓာနလိုအပ်သည့် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဖြစ်ကြောင်း။

ပူးပေါင်းအကောင်အထည်ဖော်

ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်ခြင်းထက် ဝန်ကြီးဌာနများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးလျှင် လုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်၍ "နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ" နှင့် "လုပ်ငန်းကော်မတီများ"သတ်မှတ်ပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အတွင်းရေးမှူး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်သိန်းဌေးက ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး)၌ ကျင်းပသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(မန္တလေး) သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ အခမ်းအနား၌ အမှာစကားပြောကြားသည်။

ထို့ပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ၁၉၈၉-၁၉၉၀မှ ယခု ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဖေဖော်ဝါရီလကုန်အထိ နိုင်ငံတစ်ဝန်းလုံးအတွက် စုစုပေါင်းငွေကျပ် ၃၄၄ ဒသမ ၂၃ ဘီလီယံ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း၊ နိုင်ငံတော်က နယ်စပ်ဒေသ **စာမျက်နှာ ၈ ကော်လံ ၆ သို့ ✤**

သဘာဝပတ်ဝန်းကျင် အင်တာနက်သတင်း

အပူပိုင်းဒေသ ဒီရေရောက်သစ်တောများ ကာဗွန်ဓာတ်ငွေ့ သိုလှောင်နိုင်စွမ်းမြင့်မား

ဝါရှင်တန် ဇွန် ၄ **ဘာသာပြန်-ရောမောင်**

ကမ္ဘာ့အပူပိုင်းဒေသရှိ ဒီရေရောက် သစ်တောများသည် ကမ္ဘာပေါ်ရှိအခြားသော သစ်တောအများစုထက် ကာဗွန်ဓာတ်ငွေ့ကို သိုလှောင်နိုင်စွမ်း အထူးကောင်းမွန်ကြောင်း သဘာဝဘူမိသိပ္ပံဂျာနယ်တွင် ရေးသားဖော်ပြသည်။

အကယ်၍ ကမ္ဘာ့အပူပိုင်းဒေသရှိ ဒီရေရောက်သစ်တောများ ခုတ်လှဲခံရပါက ပေါ်ထွက်လာမည့် **စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ❍**

ပင်လယ်ကမ်းရိုးတန်းဒေသ ဒီရေရောက်သစ်တော တစ်နေရာကို တွေ့ရစဉ်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄-၆-၂၀၁၁

မော်ဘီ	၂	ဒသမ	၆၄	လက်မ
ကိုကိုးကျွန်း	၂	ဒသမ	၄၅	လက်မ
မိုးကုတ်	၁	ဒသမ	၃၀	လက်မ
ဇောင်းတူ	၁	ဒသမ	၂၂	လက်မ
မြင်းခြံ	၁	ဒသမ	၁၈	လက်မ
ကြို့ပင်ကောက်	၁	ဒသမ	၀၆	လက်မ